# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၃၂) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသတွင် နယ်မြေမီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ကျေးရွာများတွင်နေထိုင်သော ပြည်သူများ၏ ခြံမြေများကို ဂရန်မြေများအဖြစ် ဖော်ထုတ်သတ်မှတ် ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | နိုင်ငံတကာအဆင့်မီ သတင်းမီဒီယာသမားများပေါ်ထွန်းလာစေရေးအတွက် သတင်းမီဒီယာကျောင်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင်စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များထံ ရောင်းချခဲ့သော ရုပ်ရှင်ရုံနေရာများ၌ အနည်းဆုံး ရုပ်ရှင်ရုံတစ်ရုံ ပြန်လည်တည်ဆောက်ပေးရန် သဘောတူညီမှုဖြင့် ရောင်းချခဲ့သော်လည်း ယနေ့တိုင် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းမပြုသေးသည့် ရုပ်ရှင်ရုံ ၄၁ ရုံနှင့်ပတ်သက်၍ လည်းကောင်း၊ Digital စနစ်ဖြင့် ပြောင်းလဲအသုံးပြု ပြသခြင်းမရှိသေးသော ရုပ်ရှင်ရုံ ၇၀ ရုံနှင့်ပတ်သက်၍ လည်းကောင်း မည်ကဲ့သို့ အရေးယူ စီမံဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | အများပြည်သူ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | ပုဂ္ဂလိကသတင်းစာများ အားကောင်းမောင်းသန် ရှင်သန်ရပ်တည် သွားနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၁ | ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့သော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာနည်းဥပဒေများ နှင့်စပ်လျဉ်း၍ ဦးဘိုဘိုဦး၊ စမ်းချောင်း | ၂၅ |

မဲဆန္ဒနယ်၏ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၂၆

၁၃ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၇

၁၄ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးပြီးစီးကြောင်း ကြေညာခြင်း ၃၂

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး**

**(၃၂)ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၉–၃–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအေးဝင်း၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသတွင် နယ်မြေမီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၏ **ကျေးရွာများတွင် နေထိုင်သော ပြည်သူများ၏ ခြံမြေများကို ဂရန်မြေများအဖြစ် ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **နိုင်ငံတကာ အဆင့်မီ သတင်းမီဒီယာ သမားများ ပေါ်ထွန်းလာစေရေးအတွက် သတင်းမီဒီယာကျောင်းများ ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၏ **နိုင်ငံတော်က ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များထံ ရောင်းချခဲ့သော ရုပ်ရှင်ရုံနေရာများ၌ အနည်းဆုံး ရုပ်ရှင်ရုံ တစ်ရုံ ပြန်လည်တည်ဆောက်ပေးရန် သဘောတူညီမှုဖြင့် ရောင်းချခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုသေးသည့် ရုပ်ရှင်ရုံ (၄၁) ရုံနှင့် ပတ်သက်၍ လည်းကောင်း၊ Digital စနစ်ဖြင့် ပြောင်းလဲအသုံးပြု ပြသခြင်းမရှိသေးသော ရုပ်ရှင်ရုံ (၇၀) ရုံနှင့် ပတ်သက်၍လည်းကောင်း မည်ကဲ့သို့ အရေးယူ စီမံ ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **အများပြည်သူ သတင်း အချက်အလက် ရယူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ စီစဉ်ဆောင်ရွက် ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **ပုဂ္ဂလိကသတင်းစာများ အားကောင်း မောင်းသန် ရှင်သန်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့သော **"စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **“ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **“ အမျိုးဇာတ် ပျက်ယွင်းခြင်းမှဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၃၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
## (၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၃၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၂ ဦးရှိတဲ့အနက် ၄၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၂ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဘူးသီတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၄) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၇) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၈) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊
(၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊
(၁၀) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၁) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊
(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၁ ရက်၊
(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ခွင့် ၁ ရက်၊
(၁၄) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊
(၁၅) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊
(၁၆) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် အစည်းအဝေးပြီးဆုံးသည့်ထိနှင့်
(၁၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၄ ဦးဖြစ်ပါ

တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသတွင် နယ်မြေမီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဝင်း(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသမှာ နယ်မြေမီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွင်းကောက်ဒေသတွင် ပတ်ဝန်းကျင်ကျေးရွာအုပ်စုပေါင်း ၂၂ အုပ်စုနဲ့ ဝန်းရံထားတဲ့နေရာဖြစ်ပါတယ်။ အနီးဆုံးမီးသတ်စခန်းများဖြစ်သည့် အင်္ဂပူစခန်းနှင့် ၁၅ မိုင်ကွာဝေးပြီးတော့ ဟင်္သာတစခန်းနှင့် ၃၂ မိုင်၊ ငါးသိုင်းချောင်းစခန်းနှင့် ၃၅ မိုင်ခန့်ကွာဝေးပြီး ပုသိမ်-မုံရွာကားလမ်းကြီးရဲ့ဘေးမှာ တည်ရှိတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ ကွင်းကောက်တိုက်နယ်မှာ ကျေးရွာ

အုပ်စုပေါင်း ၂၂ အုပ်စုရှိပါတယ်။ အိမ်ခြေပေါင်း ၁၇၀၆၁ အိမ်ရှိပြီးတော့ ပတ်ဝန်းကျင်ကျေးရွာအုပ်စု ၄ အုပ်စုနဲ့ပေါင်းရင် ၂၆ အုပ်စုရှိပြီးတော့ အိမ်ခြေပေါင်း ၂၀၇၈၄ အိမ် ရှိပါတယ်။ ဈေးနှစ်ဈေး၊ ရဲစခန်းတစ်ခု၊ ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းငါးခု၊ ပညာသင်ကျောင်း ၆၅ ခု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် အမှတ်(၅)တိုင်းဗဟိုလေ့ကျင့်ရေးကျောင်းတစ်ကျောင်း ရှိပါတယ်။ ၂၆-၁၁-၂၀၁၆ ရက်နေ့မှာ ကျွန်တော် လျှောက်လွှာနဲ့ ပြည်ထဲရေးဒုတိယဝန်ကြီးထံမှာ တင်ပြတောင်းခံခဲ့ဖူးပါတယ်။ ၁၀ ရက်ခန့် အကြာမှာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ ဖုန်းနှင့်အကြောင်းပြန်ခဲ့ပါတယ်။ သို့သော် ၂၀၁၇ ခုနှစ် မတ်လမှာ ကျွန်တော် တိုင်းဒေသကြီးမီးသတ်ဦးစီးနှင့်တွေ့တဲ့အခါမှာ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ မီးသတ်စခန်းများ ပြည့်သွားပြီဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ မြို့နယ်မှာလည်း ပထမဦးစားပေးအဆင့်နဲ့လည်း တောင်းခံထားပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ မြေတစ်ဧကကိုလည်း ပုံစံ(၁၀၅)နှင့် ကျွန်တော်တို့တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကွင်းကောက်ဒေသရဲ့ နယ်မြေမီးသတ်စခန်းကို ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်နယ်မြေမီးသတ်စခန်းမှာ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးတဲ့ အင်အားကိုးဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်နှစ်စီးပါဝင်တဲ့ နယ်မြေမီးသတ်စခန်းတစ်ခုကို ဖွဲ့စည်းပုံအရခွင့်ပြုမိန့်ရရှိထားပြီး ဖြစ်ပါတယ်။ လက်ရှိမှာ ကွင်းကောက်နယ်မြေမီးသတ်စခန်းကို ကွင်းကောက်(မြောက်)ကျေးရွာ၊ အောင်တေဇရပ်ကွက်၊ အောင်တေဇလမ်းမှာရှိတဲ့ အရန်မီးသတ်စခန်း ၁၅ ပေ x ၂၀ ပေရှိတဲ့ သွပ်မိုး၊ မြေစိုက်ယာယီအဆောက်အဦတစ်လုံးမှာ ဖွင့်လှစ်ထားရှိပြီးတော့ လက်ထောက်မီးသတ်ဦးစီးမှူးတစ်ဦး၊ ဒုတိယတပ်ကြပ်နှစ်ဦး၊ မီးသတ်တပ်သားတစ်ဦး စုစုပေါင်းတပ်ဖွဲ့ဝင်လေးဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး စုစုပေါင်းနှစ်စီးနဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးထံသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမှ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်နယ်မြေမီးသတ်စခန်းဆောက်လုပ်ဖို့အတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ပုဂ္ဂိုလ်ရေးရာစာနဲ့ ပေးပို့အကူအညီတောင်းခံခဲ့ပါတယ်။ ဒီပေးပို့ခဲ့မှုအပေါ်မှာစပ်လျဉ်းပြီး စိစစ်ဆောင်ရွက်တဲ့အခါမှာတော့ မီးသတ်စခန်းဆောက်လုပ်ဖို့အတွက် မြေနေရာဟာ လယ်မြေအမျိုးအစားဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ မီးသတ်ဦးစီးဌာနအမည်ပေါက်ရရှိရေးဆောင်ရွက်ပြီး အမည်ပေါက်ရရှိပြီးတဲ့အခါမှာ နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်းကိုလည်း ကိုယ်စားလှယ်ထံကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှာပဲ ပြန်လည်အသိပေးပြောကြားခဲ့ပါတယ်။ ဒီကာလအတွင်းမှာတော့ လိုအပ်တဲ့လုပ်ငန်းပိုင်းဆိုင်ရာများ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

အင်္ဂပူမြို့နယ်၊ ကွင်းကောက်နယ်မြေမီးသတ်စခန်းဖွင့်လှစ်ဖို့အတွက် ကွင်းကောက်(မြောက်) ရပ်ကွက်၊ ဦးပိုင်အမှတ်(၄၁/၄)၊ ကွင်းအမှတ်(၈၃၂)မှာ ဧရိယာ ၀.၉၂ ဧကရှိတဲ့မြေနေရာကို ဌာနအမည်ပေါက်ရရှိရေးဆောင်ရွက်ခဲ့တဲ့အခါမှာ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ရရှိခဲ့ပြီးဖြစ်တဲ့အတွက် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာတော့ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကွင်းကောက်နယ်မြေမီးသတ်စခန်းဆောက်လုပ်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြတောင်းခံပြီး ခွင့်ပြုမိန့်ရရှိပါက မီးသတ်အဆောက်အဦတစ်လုံး၊ ဆောက်လုပ်ပေးသွားမှာဖြစ်ပါကြောင်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အဦအတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျေးရွာများတွင်နေထိုင်သော ပြည်သူများ၏ ခြံမြေများကို ဂရန်မြေများအဖြစ် ဖော်ထုတ်သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျေးလက်တောရွာမှာရှိတဲ့ အိမ်ခြံမြေတွေနဲ့ပတ်သက်ပြီးတော့ ဂရန်လုပ်ပေးဖို့အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်ခြံမြေဆိုတာ ဥပဒေအရ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းထဲမှာပါတာဖြစ်ပါတယ်။ ဒီမရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို ရောင်းမယ်၊ ဝယ်မယ်၊ ပေးကမ်းမယ်။ အခြားနည်းတစ်နည်းနည်းဖြင့် လွှဲပြောင်းမယ်ဆိုလို့ရှိရင် ဒီပစ္စည်းတွေကို ပစ္စည်းလွှဲပြောင်းရေးဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ(က)အရလည်းကောင်း၊ တံဆိပ်ခေါင်းခွန်ဥပဒေပုဒ်မ ၁၇(၁)နဲ့ ယခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ စာချုပ်စာတမ်းဥပဒေ ၁၆ (က)ကနေ (ဆ)အထိပါ ပြဋ္ဌာန်းတဲ့အချက်တွေနဲ့ အညီ ကျွန်တော်တို့ပြုလုပ်ရတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကနေ့ ကျေးရွာမှာရှိတဲ့မြေတွေအားလုံးကို ကြည့်မယ်

ဆိုလို့ရှိရင် အိမ်ခြံမြေတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းမြောက်မြားစွာ ဘိုးစဉ်ဘောင်ဆက်ကနေခဲ့ကြသော်လည်းပဲ ဂရန်လည်းမရှိဘူး။ ဂရန်မရှိတဲ့အပြင် ၃(ခ)လည်းမရှိတဲ့အခါကျတော့ ဒီလိုလွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းတဲ့အခါမှာ ပြဿနာတွေအမြဲတမ်းတက်တာ သွားတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာဆိုလို့ရှိရင်တော့ ပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်ကစပြီးတော့ ရွာနှစ်ရွာကို ဂရန်လုပ်ပေးခဲ့တာရှိပါတယ်။ သို့သော်လည်းပဲ ရွာတစ်ရွာမှာ အိမ်ခြံမြေက ၁၅၀ လောက်ပဲ ရှိသော်လည်းပဲ တစ်နှစ်ကျော်ကျော်လောက်လုပ်ရတဲ့အခါကျတော့ ကျေးရွာပေါင်းမြောက်မြားစွာ မြန်မာတစ်ပြည်လုံးမှာဆိုလို့ရှိရင် တော်တော်ကိုကြာမယ့်အနေအထားမျိုးလည်း ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီလို အိမ်ခြံမြေဂရန်တွေ မလုပ်ပေးတဲ့အခါကျတော့ ဘာဖြစ်လာသလဲဆိုလို့ရှိရင် ရောင်းမယ်ဝယ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဥပဒေနယ်ပယ်မှာ သုံးတဲ့စကားအရဆိုလို့ရှိရင် ကျွန်တော်တို့ဒါကို အရပ်စာချုပ်ဆိုပြီး ကျွန်တော်တို့ချုပ်ကြပါတယ်။ အဲဒီစာချုပ်ချုပ်ပြီးတဲ့အခါမှာ ရောင်းပါတယ်။ ရောင်းပြီးတော့ အကြောင်းတစ်စုံတစ်ရာကြောင့် သုံး၊ လေးလမှာမဖယ်ပေးနိုင်သေးလို့ စာချုပ်မှာ မှတ်ချက်အနေနဲ့ ထားသော်လည်းပဲ တကယ်တမ်းပေးရမယ့်အချိန်မှာကျတော့ မလွှဲပြောင်းပေးတဲ့အခါကျတော့ တရားရုံးကို တရားစွဲတယ်။ တရားရုံးကိုတရားစွဲတဲ့အခါကျတော့ ဒီစာချုပ်ကြီးက ကျွန်တော်ခုနက တင်ပြသွားသလို Registration မလုပ်ထားတဲ့အခါကျတော့ တရားရုံးကနေပြီးတော့ သက်သေခံအဖြစ်ပယ်လိုက်တယ်။ သက်သေခံအဖြစ် လက်ခံသည့်တိုင်အောင်တောင်မှ ဒီစာချုပ်အပေါ်မှာ မစဉ်းစားတော့ ဝယ်သူတွေက အရမ်းနစ်နာတာကို တွေ့ရတာဖြစ်ပါတယ်။ သွားတွေ့ရတဲ့အပြင် နောက်ပိုင်းမှာတစ်ခါ ရွာသူရွာသားတွေအတွင်းမှာ ပြဿနာတွေအများကြီး ပေါ်လာတာကိုလည်း သွားတွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဓိကထားပြီးတော့ မေးမြန်းလိုတာကတော့ ကျွန်တော်တို့ဂရန်မြေ သို့မဟုတ် ၃(ခ)အဖြစ် ကျေးရွာတွေမှာ ဒါတွေကို ထားမှသာလျှင် ကျေးရွာတွေဟာ နောက်ပိုင်းမှာ ကျွန်တော်တို့ကုမ္ပဏီတွေမှာ မိမိတို့ရဲ့လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုဖော်ဆောင်တဲ့နေရာမှာ ရင်းနှီးနိုင်ရန်အတွက် ကျွန်တော်တို့ ငွေကြေးတွေပေါင်မယ်။ ပေါင်တဲ့အခါကျတော့လည်း ခုနတုန်းက ဂရန်မြေမရှိတဲ့အခါကျတော့ ဘယ်ကုမ္ပဏီကမှ အပေါင်ခံမှာမဟုတ်ပါဘူး။ ရောင်းဝယ်တဲ့နေရာမှာလည်းပဲ ခုန ကျွန်တော်တင်ပြသလို အခုနောက်ပိုင်းမှာ အရောင်းအဝယ်တွေထိုင်ပြီးတော့ တချို့ဆိုရင် အိမ်တွေဟာ လူသားပြောင်းသွားတယ် မဝယ်ရဲမရောင်းရဲဖြစ်တဲ့အခါကျတော့ အိမ်စုတ်အိမ်ပဲ့တွေကျန်နေခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနှင့်ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဒါကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပြီးတော့ အမြန်ဆုံးလုပ်ပေးနိုင်ပါ့မလဲဆိုတဲ့ မေးခွန်းကို ကျွန်တော် ဥက္ကဋ္ဌကြီးထံမှ လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။

မြန်မာတစ်နိုင်ငံလုံးရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနအမည်ပေါက်ပြီးတဲ့ မြေယာအရှုပ်အရှင်း ကင်းတဲ့ ကျေးရွာများအနက် တစ်မြို့နယ်လျှင် တစ်ရွာစီရွေးချယ်ပြီး ကျေးရွာမြေငှားဂရန် ပြုလုပ်ပေးခြင်းလုပ်ငန်းကို ပြီးခဲ့သည့်ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၅)နှင့်အညီ ၂၀၁၅ ခုနှစ်အတွင်းမှာ သုံးလစီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ မြို့နယ် ၂၈၃ မြို့နယ်မှာရှိတဲ့ ကျေးရွာပေါင်း ၂၈၃ ရွာမှာ ကျေးရွာမြေငှားဂရန် ၄၆၂၀၀၄ ခု ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၆ ခုနှစ်အတွင်းမှာ ရက် ၁၀၀ စီမံချက်ချမှတ်ပြီး မြို့နယ်ပေါင်း ၂၇၅ မြို့နယ်မှာရှိတဲ့ ကျေးရွာပေါင်း ၂၇၅ ရွာမှာ ကျေးရွာမြေငှားဂရန်စုစုပေါင်း ၂၀၈၂၁ ခု စုစုပေါင်းကျေးရွာမြေငှားဂရန် ၆၇၀၂၅ ခုကို ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ၊ နည်းဥပဒေ၊ ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်စည်းမျဉ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ထုတ်ပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီနေရာမှာ မြေငှားဂရန်ထုတ်ပေးမှုအစီအစဉ်တွေကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးလက်ဒေသများမှာရှိတဲ့ ကျေးရွာတွေမှာနေထိုင်တဲ့ ပြည်သူများရဲ့အိမ်ခြံမြေများကို ဂရန်မြေများ ဖော်ထုတ်သတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ရာမှာ ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ထုတ်သတ်မှတ်ပေးနိုင်ရေးဆောင်ရွက်ရာမှာ ကျွန်တော်တို့ပြည်ထဲရေးဝန်ကြီးဌာနက တရားဝင်အမိန့်ထုတ်ပြန်သတ်မှတ်ထားတဲ့ ကျေးရွာမြေများဟာ မူလရွာမြေဖြစ်ပြီးသား မြေများရှိသကဲ့သို့ တချို့ဟာမူလရွာမြေအပြင် လယ်ယာမြေ၊ မြေလွတ်၊ မြေရိုင်း၊ သစ်တောမြေ၊ စားကျက်မြေများကို လွန်ခဲ့သောနှစ်များစွာက တိုးချဲ့ပြီးရွာအဖြစ်တည်ထောင်ထားတဲ့ မြေများရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် မူလရွာမြေတွေဟာ မြေတိုင်းပြီး၊ မြေပုံထုတ်ပြီး၊ ဦးပိုင်တပ်ပြီးများရှိသကဲ့သို့ အချို့သောတိုးချဲ့ရွာမြေတွေဟာ တရားဝင်တိုင်းတာပြီးစီးမှု မရှိသေးခြင်း၊ မြေအမျိုးအစားမှာလည်း တရားဝင်ရွာမြေအဖြစ် သတ်မှတ်ရန်မရှိသေးခြင်းများလည်း ရှိနေကြောင်းစိစစ်တွေ့ရှိရပါတယ်။

ကျေးရွာမြေအချို့ဟာ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖြစ်ပါက အခြားနည်းသုံးပြုခွင့် ခွင့်ပြုချက်ရရှိဖို့အတွက် ဆောင်ရွက်ရမှာဖြစ်ပြီး သစ်တောမြေ၊ စားကျက်မြေတွေမှာ ပါဝင်ပါက သစ်တောမြေ၊ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မတိုင်းတာရသေးတဲ့မြေအားလုံး မြေအမျိုးအစားနှင့်ပိုင်ဆိုင်မှု စာရင်းအထောက်အထားများရရှိစေဖို့အတွက် စာရင်းကောက်ယူပြုစုခြင်း၊ တိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံတော် မြေနယ်နိမိတ်အက်ဥပဒေနှင့်အညီ ကျေးရွာမြေများ ကွက်စိပ်/ကွက်ကျဲတိုင်းတာဖို့အတွက် တာဝန်ခံရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးကို နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ(Demarcation Officer)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိ(Boundary Officer)အဖြစ် ခန့်အပ်နိုင်ရေးအတွက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က တင်ပြချက်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဥပဒေအရ အမိန့်ထုတ်ပြန်ခန့်အပ်တာဝန်ပေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Demarcation Officer နှင့် Boundary Officer များ ခန့်အပ်ခွင့်ရရှိပြီးမယ်ဆိုရင် မြေတိုင်း

ဆောင်ရွက်နိုင်ဖို့အတွက် ကုန်ကျစရိတ်များတွက်ချက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့ထံ ဘတ်ဂျက်ငွေခွင့်ပြုချက် တင်ပြတောင်းခံရမှာဖြစ်ပါတယ်။ ထိုသို့ကျေးရွာမြေမှတ်တမ်းများကို တိုင်းတာပြုစုရေးဆွဲရာမှာ ကြိုတင်အသိပေးကြေညာချက်များ ထုတ်ဆင့်ကြေညာခြင်း၊ ကျေးရွာ မြေများအား ကွက်စိပ်/ကွက်ကျဲတိုင်းတာပြီးစီးပါက ၆၄ လက်မ တစ်မိုင်စကေး မြေပုံများရေးဆွဲခြင်း၊ မြေစာရင်းပုံစံ၁(က)စာရင်းများထူထောင်ခြင်း၊ ဦးပိုင်များ မှတ်သားခြင်း၊ ပိုင်ဆိုင်မှုများ စိစစ်ခြင်း၊ မြေတိုင်းကျောက်တိုင်နှင့် မြေတိုင်းပြွန်များစိုက်ထူခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ မြေတစ်ကွက်ချင်း တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ၊ နယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းတွေမှာ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်မှုနှင့်အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက စိစစ်ဆောင်ရွက်ပြီး Demarcation Officer မှတင်ပြလာမှုအပေါ် Boundary Officer မှ အပြီးသတ်စိစစ်ပြီး မြေပိုင်ဆိုင် မှုကို ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်နဲ့လည်း ရယူဆောင်ရွက်ရသွားရမှာ ဖြစ်ပါတယ်။

ထိုသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးမယ်ဆိုရင် မြေငှားဂရန်ရရှိလိုသူမှ လယ်ယာမြေ စီမံခန့်ခွဲရေး၊ စာရင်းအင်းဦးစီးဌာနမှာ မြေစာရင်းပုံစံ(၁၀၅)၊ ဦးပိုင်တစ်ခုချင်းစီရဲ့ရာဇဝင်ပုံစံ(၁၀၆) ရေးကူးပြီး ဆောက်လုပ်ပြီး သို့မဟုတ် ဆောက်လုပ်မယ့် အဆောက်အဦပုံစံများနှင့်အတူ မြေပိုင်ဆိုင်မှု အထောက်အထားများနဲ့ သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်ကို ရယူ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန်အမှုတွဲ ဖွင့်လှစ်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ မြေရာဇဝင်စိစစ်ဖို့နှင့် မြေငှားရမ်းခ တွက်ချက်စေခြင်း၊ လျှောက်ထားသူ၊ အနီးပတ်ဝန်းကျင်သက်သေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြေတိုင်းစာရေးတို့ရဲ့ ထွက်ဆိုချက်များကိုရယူပြီး မြေပြင်သို့ကွင်းဆင်းစစ်ဆေးခြင်း၊ ကန့်ကွက်လွှာ ခေါ်ယူခြင်းများအား ဆောင်ရွက်ပြီးမှသာ လျှောက်ထားသူရဲ့အဆောက်အဦ ခိုင်ခန့်မှုအပေါ် မူတည်ပြီး နှစ်တို/နှစ်ရှည်မြေငှားဂရန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျေးရွာများမှာနေထိုင်တဲ့ ပြည်သူများရဲ့ခြံမြေများကို ဂရန်မြေအဖြစ် သတ်မှတ် ထုတ်ပေးနိုင်ဖို့အတွက် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း မြေပိုင်ဆိုင်မှုအထောက်အထားများရရှိနိုင်ရေး ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များပြားခြင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းစေရန်စိစစ်ရခြင်း၊ ကျေးရွာမြေများကို ကွက်စိပ်/ကွက်ကျဲတိုင်းတာနိုင်ဖို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲခွင့်ပြုနိုင်မှုအပေါ် မူတည်ခြင်း၊ အခြားနည်းသုံးစွဲခွင့်ရရှိရန် လုပ်ငန်းအဆင့် အလိုက် စိစစ်ဆောင်ရွက်ရခြင်းနဲ့ တစ်နိုင်ငံလုံးမှာကျေးရွာပေါင်း ၆၃၃၄၆ ရွာ ရှိတဲ့အတွက်ကြောင့် မို့လို့ လက်ရှိအခြေအနေများအရ ကျေးရွာအားလုံးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေး ပါကြောင်းနှင့် ကျေးရွာခြံမြေကွက်များကို တစ်ဦးချင်းမြေငှားဂရန် လျှောက်ထားတင်ပြလာမယ် ဆိုရင်တော့ လိုအပ်တဲ့အထောက်အထား ပြည့်စုံမှန်ကန်မှုအပေါ် မူတည်ပြီး ကိုက်ညီမှုရှိပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျေးရွာဂရန်မြေများကို ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတကာအဆင့်မီ သတင်းမီဒီယာသမားများပေါ်ထွန်းလာစေရေးအတွက် သတင်းမီဒီယာကျောင်းများဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာပဲဖြစ်ပါတယ်။ ကျွန်မ မေးလိုတဲ့မေးခွန်းကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အလွန်အရေးပါသော မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး အားကောင်းလာစေရန်နှင့် နိုင်ငံတကာ အဆင့်မီ သတင်းမီဒီယာသမားများပေါ်ထွန်းလာစေရေးအတွက် သတင်းမီဒီယာကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ မဏ္ဍိုင်သုံးရပ်ဟာ အပြန်အလှန်ထိန်းကျောင်းပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ ထောက်တိုင်ပမာရပ်တည်ပြီးတော့ မီဒီယာကဏ္ဍကတော့ ထိုမဏ္ဍိုင်သုံးရပ်ရဲ့ အကောင်းအဆိုးကို ထောက်ရှုဝေဖန်ပြီး ပြည်သူတွေသိအောင် ထောက်ပြရတဲ့အတွက် ပြည်သူမျက်ရှုဖြစ်ပါတယ်။ အမှန်က မြန်မာနိုင်ငံမှာ မီဒီယာကဏ္ဍဖွံ့ဖြိုးခဲ့တာ မင်းတုန်းမင်းတရားကြီးလက်ထက် မြန်မာနိုင်ငံရဲ့ သတင်းစာခေတ်ဦးဖြစ်တဲ့ ရတနာပုံသတင်းစာမှာ ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းလျှင် ငါ့မိဖုရားကိုရေးဆိုတဲ့ ထိုစဉ်က မဏ္ဍိုင်သုံးရပ်စလုံးကို ချုပ်ကိုင်တဲ့ သက်ဦးစံပိုင်ဘုရင်ကိုပင် ထောက်ပြဝေဖန်နိုင်အောင် ဖွံ့ဖြိုးခဲ့ဖူးပါတယ်။ ဒါ့ကြောင့်လည်း တချို့က စတုတ္ထမဏ္ဍိုင်လို့ တင်စားခေါ်ဝေါ်ကြတဲ့အထိ အလွန်ပဲအရေးပါခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သတင်းမီဒီယာဥပဒေအခန်း(၂) ရည်ရွယ်ချက်များအခန်း ပုဒ်မ ၃ မှာ ရည်ရွယ်ချက် ၅ ခုပါဝင်ပြီး (ခ)မှာတော့ သတင်းမီဒီယာလုပ်ငန်းများကို စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန် (င)နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်ဆိုတဲ့ ယနေ့ခေတ်အချိန်နဲ့ကိုက်ညီပြီး နိုင်ငံနဲ့ပြည်သူတွေအတွက် လိုအပ်ချက်တွေ ပါဝင်ပါတယ်။ (ဃ)မှာတော့ သတင်းမီဒီယာသမားများလိုက်နာရမယ့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်း၊ ကျင့်စဉ်တွေကို ဆိုင်ရာလုပ်ငန်းအဖွဲ့အတွင်း သတ်မှတ်ရေးဆွဲရန်ဆိုတဲ့ အချက်ပါဝင်ပါတယ်။ ရည်ရွယ်ချက်တွေအကောင်အထည်ဖော်နိုင်ဖို့ ကျင့်ဝတ်၊ စည်းကမ်းသိရှိနိုင်ရန် လေ့ကျင့်ပေးရန် လိုအပ်သလို သတင်းမီဒီယာပညာလေ့လာဆည်းပူးပြီးဖြစ်ကြောင်း အသိအမှတ်ပြု လက်မှတ်တွေလည်းလိုအပ်ပါတယ်။ ဒီလိုမျိုးထုတ်ပေးမယ်ဆိုရင်တော့ လူငယ်တွေဟာ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း တိုးလာမှာဖြစ်ပါတယ်။ Malcom-X က မီဒီယာကမ္ဘာပေါ်မှာ ဆွဲအားအကြီးဆုံးအရာဖြစ်ပြီး အပြစ်မဲ့သူကိုအပြစ်ရှိသူဖြစ်အောင်၊ အပြစ်ရှိသူကို အပြစ်မဲ့သူဖြစ်အောင် လုပ်နိုင်တဲ့စွမ်းအားရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာလူတို့ရဲ့စိတ်ကို ချုပ်ထားနိုင်လို့ပဲလို့ဆိုပါတယ်။ ဒါကြောင့် ပြဿနာ ပေါင်းများစွာကနေ ရုန်းထနိုင်ရင်းနေရတဲ့ မြန်မာနိုင်ငံအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရား စီရင်ရေး၊ ကဏ္ဍတွေအပြင် သတင်းမှား၊ သတင်းတုကိုကာကွယ်နိုင်ဖို့ ကမ္ဘာက

မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားကိုသိရှိဖို့အတွက်ဆိုရင် မီဒီယာကဏ္ဍပါဘက်စုံဖွံ့ဖြိုးဖို့ လိုအပ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်ဖြစ်စဉ်မှာ ပြည်တွင်းရော နိုင်ငံတကာပါ သတင်းအမှန်နှင့်အမြန်ရရှိရေး နှောင့်နှေးခဲ့တာကြည့်ရင် ပြည်တွင်းမီဒီယာတွေဖွံ့ဖြိုးရန်လိုအပ်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ သတင်းမီဒီယာဥပဒေပါ အခန်း(၄)တစ်ခုလုံး၊ ပုဒ်မခွဲ(၉)ခုပါဝင်ပြီး သတင်းသမားများလိုက်နာရန် လိုက်နာရမယ့်တာဝန်များနှင့်ကျင့်ဝတ်များကိုပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ(ဈ)မှာ သတင်းမီဒီယာကောင်စီက ထုတ်ပြန်တဲ့ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို လိုက်နာခြင်းဆိုတဲ့အချက်ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း၊ တချို့သတင်းသမားအယောင်ဆောင်များကြောင့်သော်ကောင်း၊ ကျင့်ဝတ်နဲ့စည်းကမ်းမလိုက်နာသော သတင်းသမားများကြောင့်သော်လည်းကောင်း သတင်းသမားစစ်စစ်တွေ အလွန်ပဲနစ်နာရပါတယ်။ တချို့သတင်းထောက်ကတ်ကိုအသုံးချပြီး လူတစ်ဦးရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနဲ့လုံခြုံမှုတွေကို ချိုးဖောက်နေတာကိုလည်းတွေ့ရှိရပါတယ်။ သတင်းမီဒီယာဥပဒေအခန်း(၃) သတင်းမီဒီယာသမားများရဲ့ ရပိုင်ခွင့်များအခန်း ပုဒ်မ ၄(က)မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးက လုပ်ငန်းဆောင်ရွက်မှုတွေကိုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွတ်လပ်စွာဝေဖန်ထောက်ပြ အကြံပြုရေးသားခွင့်ရှိသည်။ (ဃ) သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီဟုလည်းကောင်း၊ ပုဒ်မ ၇ မှာ စစ်မက်ဖြစ်ပွားရာဒေသအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများက သတ်မှတ်ထားသောစည်းကမ်းများကိုလိုက်နာရန်ဟု ပြဋ္ဌာန်းထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် အထူးဥပဒေများ၊ ရာဇသတ်ကြီးဥပဒေများ၊ တရားမကြောင်းဥပဒေများကို သိရှိနားလည်ရန် အထူးလိုအပ်ပြီး ဌာနဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း သိရှိဖို့လိုအပ်ပါတယ်။ ဒါမှ အန္တရာယ်ကိုလည်း ရှောင်ရှားနိုင်မှာဖြစ်သလို၊ လိုက်နာနိုင်မှာလည်းဖြစ်ပါတယ်။ ပြည်တွင်းမီဒီယာများ နိုင်ငံတကာထိုးဖောက်နိုင်ဖို့ ဘာသာစကား၊ နည်းပညာ၊ နိုင်ငံတကာဥပဒေကိုလည်းသိရှိရန် ဆည်းပူးလေ့လာနိုင်မယ့် အခွင့်အရေးတွေကိုလည်း ပံ့ပိုးပေးဖို့အထူးလိုအပ်ပါတယ်။ ထို့ကြောင့် သတင်းမီဒီယာလောကအတွက် လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်၊ ရင်းနှီးမြှုပ်နှံမှုအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်များကူညီပံ့ပိုးပေးပြီး မီဒီယာကဏ္ဍခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့

ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်း မီဒီယာကဏ္ဍအရည်အသွေးတိုးတက်မြင့်မားရေးအတွက် စေတနာကောင်းဖြင့် မေးမြန်းလာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအား အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်သန္တာရဲ့ ပထမမေးခွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး အားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်မီ မီဒီယာသမားများ ပေါ်ထွန်းလာရေးအတွက် သတင်းမီဒီယာသင်တန်းကျောင်းများဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသလို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်းထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ သတင်းသမားကောင်းများ မျိုးဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် ရေရှည်/ရေတိုစီမံကိန်းများချမှတ်ကာ သတင်းမီဒီယာကျောင်းများဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။

လောလောဆယ်မှာ သတင်းမီဒီယာသမားကောင်းများပေါ်ထွန်းရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ယူနက်စကိုအပါအဝင် နိုင်ငံတကာမှ မီဒီယာဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းမီဒီယာအဖွဲ့အစည်းများနဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ(Myanmar Media Development Conference)ကို နှစ်စဉ်ကျင်းပလာခဲ့ရာ ခြောက်နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါတယ်ခင်ဗျား။ အဆိုပါ ညီလာခံများက ထွက်ရှိလာတဲ့ရလဒ်များကိုအခြေခံပြီး မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေးနဲ့ မီဒီယာသမားများရဲ့ ရပိုင်ခွင့်နဲ့ လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်ကြိုးစားရင်း အဟန့်အတားများကို ဖယ်ရှားခြင်းတို့ကိုပါ အလေးပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားပြီးဖြစ်တဲ့ မြန်မာသတင်းမီဒီယာအတတ်ပညာသင်တန်းကျောင်း(Myanmar Journalism Institute)နှင့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Myanmar Media Development Center)တို့နဲ့ မီဒီယာသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် တတ်နိုင်သလောက်ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းသမားအသိအမှတ်ပြုကတ်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရဲ့ ပြန်ကြားချက်အပေါ်အခြေခံပြီး အောက်ပါအတိုင်း ဖြေကြားလိုပါတယ်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရဲ့ လက်ရှိအနေအထားအရ မြန်မာနိုင်ငံအတွင်းရှိ သတင်းသမားအားလုံးကို တစ်ဦးချင်းစိစစ်ကာ သတင်းသမားအသိအမှတ်ပြုကတ်ပြားထုတ်ပေးရန်မှာ လက်တွေ့မကျသောလုပ်ငန်းတစ်ခုဖြစ်နေပါတယ်။ လက်ရှိနိုင်ငံတော်က အသိအမှတ်ပြုထားသော သတင်းမီဒီယာအဖွဲ့အစည်းများဖြစ်ကြတဲ့ (မြန်မာနိုင်ငံသတင်းစာဆရာအသင်း MJA၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက် MJN၊ မြန်မာသတင်းသမဂ္ဂ MJU၊ မြန်မာအမျိုးသမီးသတင်းသမားအဖွဲ့ MWJS၊ မြန်မာနိုင်ငံ နိုင်ငံတကာသတင်းအဖွဲ့ BNI၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း MFCC) စသည်တို့က တာဝန်ယူထုတ်ပေးထားတဲ့ သတင်းသမားကတ်

များနှင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှာ တရားဝင်မှတ်ပုံတင်ထားပြီး ထုတ်လုပ်ဖြန့်ချိနေကြတဲ့ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာတို့က ယင်းတို့၏ သတင်းသမားများအား ထုတ်ပေးထားတဲ့ အသိအမှတ်ပြုကတ်ပြားများကို ထပ်ဆင့် အသိအမှတ်ပြု ခြင်းကိုသာ သတင်းမီဒီယာကောင်စီက ဆောင်ရွက်ပေးနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ သတင်း သမားများအား အသိအမှတ်ပြုကတ်ပြားများထုတ်ပေးရန်မှာ သတင်းမီဒီယာအဖွဲ့အစည်းများနှင့် သတင်းမီဒီယာတိုက်များ၏ တာဝန်သာဖြစ်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ယင်းအဖွဲ့အစည်းများနှင့် မီဒီယာတိုက်များရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်များ၊ ကျင့်ဝတ်နှင့်ညီ/မညီကို သာ ကြီးကြပ်ရန်တာဝန်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များထံ ရောင်းချခဲ့သော ရုပ်ရှင်ရုံနေရာများ၌ အနည်းဆုံး ရုပ်ရှင်ရုံတစ်ရုံ ပြန်လည်တည်ဆောက်ပေးရန် သဘောတူညီမှုဖြင့် ရောင်းချခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုသေးသည့် ရုပ်ရှင်ရုံ ၄၁ ရုံနှင့်ပတ်သက်၍လည်းကောင်း၊ Digital စနစ်ဖြင့် ပြောင်းလဲအသုံးပြု ပြသခြင်းမရှိသေးသော ရုပ်ရှင်ရုံ ၇၀ ရုံနှင့်ပတ်သက်၍ လည်းကောင်း မည်ကဲ့သို့အရေးယူစီမံဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဂါရဝပြု မေတ္တာပို့သအပ်ပါတယ်။ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က နိုင်ငံတော်က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များထံမှ ရောင်းချခဲ့တဲ့ ရုပ်ရှင်ရုံနေရာတွေမှာ အနည်းဆုံးရုပ်ရှင်ရုံတစ်ရုံ ပြန်လည်တည်ဆောက်ပေးရန် သဘောတူညီမှုနဲ့ ရောင်းချခဲ့သော်လည်း ပြန်လည်တည်ဆောက်ပေး ခြင်းမရှိသေးတဲ့ ရုပ်ရှင်ရုံ ၄၁ ရုံနဲ့ပတ်သက်၍လည်းကောင်း၊ Digital စနစ်နဲ့ပြောင်းလဲအသုံးပြု ပြသခြင်းမရှိသေးတဲ့ ရုပ်ရှင်ရုံ ၇၀ နဲ့ပတ်သက်၍ မည်ကဲ့သို့အရေးယူစီမံဆောင်ရွက်မည်ကို သိရှိလိုတဲ့ အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရုပ်ရှင်လုပ်ငန်း ဟာ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ဖြတ်သန်းနေတဲ့ခေတ်စနစ်တစ်ခုရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေကို ထင်ဟပ်ပေါ်လွင်စေတဲ့ အရေးပါသော အနုပညာ ဖျော်ဖြေရေးလုပ်ငန်းဖြစ်ပါတယ်။ ရုပ်ရှင်လုပ်ငန်းမှ ရိုက်ကူးထုတ်လုပ်လိုက်တဲ့ ရုပ်ရှင်ကားတွေဟာ ပရိသတ်ဖြစ်တဲ့ ပြည်သူလူထုအတွက် ဖျော်ဖြေရေးသက်သက်သာမဟုတ်ဘဲ သတင်းအချက်အလက်နဲ့ အသိပညာပေးကိစ္စတွေပါ ပါဝင်လို့ နိုင်ငံတော်ရဲ့မူဝါဒများ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို ပြည်သူ ကြားမှာ စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ကျဉ်းပေးနိုင်တဲ့ သိမ်မွေ့နူးညံ့တဲ့ အင်အားတစ်ခုဖြစ်လို့ နိုင်ငံ အတွက် အရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်ရှင်လုပ်ငန်းကိုတည်မှီပြီး မြောက်မြားစွာ သော အတတ်ပညာရှင်၊ အသိပညာရှင်၊ အနုပညာရှင်တွေက အလုပ်အကိုင် အခွင့်အလမ်းရရှိကြသလို နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်တယ်ဆိုရင်လည်း နိုင်ငံရဲ့ဝင်ငွေ GDP တိုးတက်စေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပြုပါ။ Power Point မှာ ဥပမာအနေနဲ့ တင်ပြထားတာတွေကတော့ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယနဲ့ USA စတဲ့ နိုင်ငံတွေရဲ့ ရုပ်ရှင်လုပ်ငန်းတွေက ရရှိတဲ့ တစ်နှစ် GDP အခွန်နဲ့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုတွေကို အားရစရာတွေ့မြင်နေရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ၁၉၂၀ ခုနှစ်မှာ စတင်ပြသခဲ့တဲ့ မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလမှာတောင် အရည်အသွေးပြည့်မီတဲ့ဇာတ်ကားတွေ ရိုက်ကူးနိုင်ပြီးတော့ နိုင်ငံခြားကိုဖြန့်ချိနိုင်တဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒါကလည်း ရုပ်ရှင်ရိုက်ကူးရေးရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ Studio များ၊ ရုပ်ရှင်ခြံများ အရည်အချင်းပြည့်မီတဲ့ ကုမ္ပဏီပိုင် မင်းသား၊ မင်းသမီး၊ ဒါရိုက်တာများနှင့်ရိုက်ကူးပြီး လွယ်ကူစွာ ဖြန့်ချိခွင့်ရခဲ့လို့ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ခဲ့တာပါ။ Power Point ပိတ်လို့ရပါပြီ။ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ဖန်တီးတဲ့နေရာမှာ ငွေကြေးမြောက်မြားစွာနဲ့ ရင်းနှီးပြီးတော့ အချိန်ယူလုပ်ဆောင်ရတာမို့ နောက်ဆုံးဖြစ်တဲ့ ပြသခြင်းအပိုင်းကိုရောက်လာတဲ့အခါမှာ ပြသနာက ပြသစရာရုပ်ရှင်ရုံမရှိလို့ နှစ်နဲ့ချီပြီး တန်းစီစောင့်ရပါတော့တယ်။ ဒီနေရာမှာ ငွေအကြာကြီးရင်းနှီးမြှုပ်နှံထားရလို့ ထုတ်လုပ်သူတွေ ဆုံးရှုံးမှုတွေရှိသလို နောက်ထပ်ရုပ်ရှင်ကားတစ်ကားကို ဖန်တီးဖို့လည်း ငွေလိုတာမို့ ထပ်မံမထုတ်လုပ်နိုင်တဲ့အတွက် ဒီလုပ်ငန်းကိုတည်မှီပြီး လုပ်ကိုင်နေရတဲ့သူတွေလည်း အလုပ်လက်မဲ့ဖြစ်စေသလို ဘယ်သူမှလည်း အရင်းအနှီးများစွာ မြှုပ်နှံရတဲ့ ကြီးမားခိုင်ခံ့တဲ့ဇာတ်အိမ်၊ ဆန်းသစ်သီထွင်မှု စတာတွေကို လုပ်ကြတော့မှာမဟုတ်လို့ မြန်မာ့ရုပ်ရှင်က ဘာမှမစုံလင်ဘဲ သမားရိုးကျထဲက ခွဲထွက်နိုင်တော့မှာမဟုတ်တဲ့အပြင် နိုင်ငံအတွက်လည်း ဝင်ငွေထိခိုက်ပါတယ်။ ဒါဟာ ပြသစရာ ရုပ်ရှင်ရုံမလုံလောက်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေပါ။

ဥက္ကဋ္ဌကြီးရှင်။ ၁၉၈၆ ခုနှစ် ဒီဇင်ဘာလမှာ ရုပ်ရှင်ရုံ ၄၀၀ နီးပါးကို ပြည်သူပိုင်အသိမ်းခံလိုက်ရတဲ့အချိန်ကစပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း စတင်ကျဆင်းခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်ဝန်းကျင်မှာလည်း နိုင်ငံတော်က တချို့ရုပ်ရှင်ရုံများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မတီကတစ်ဆင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များထံမှာ ရောင်းချခဲ့တာကြောင့် ရုပ်ရှင်ရုံတွေဟာ ဂိုဒေါင်တွေ၊ တခြားစီးပွားရေးလုပ်ငန်းအဆောက်အဦတွေအဖြစ် ပြောင်းလဲသွားပါတယ်။ ပုဂ္ဂလိကပိုင်အဖြစ် ရောင်းချခဲ့တဲ့ရုပ်ရှင်ရုံတွေမှာ အနည်းဆုံးရုပ်ရှင်ရုံတစ်ရုံ ပြန်လည်ထည့်သွင်းတည်ဆောက်ပေးရမယ်လို့ သဘောတူညီချက်နဲ့ ရောင်းချခဲ့တဲ့ ရုပ်ရှင်ရုံ ၄၁ ရုံရှိပေမဲ့ ဒီနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ ဒ့ါအပြင် Digital စနစ်နဲ့ ပြောင်းလဲအသုံးပြုရန် ညွှန်ကြားထားပေမဲ့လည်း ပြောင်းလဲအသုံးမပြုသေးတဲ့ ရုပ်ရှင်ရုံ ၇၀ ခန့်ရှိနေကြောင်း သိရပါတယ်။ ဒါတွေဟာ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအနှောင့်အယှက်ဖြစ်စေတာမို့ ထိရောက်စွာအရေးယူဆောင်ရွက်သင့်လို့ ဘယ်လိုဆောင်ရွက်တာလဲဆိုတာ သိချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၇ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သလိုပါပဲ။ Entertainment Industry ဖြစ်အောင် မြန်မာ့ရုပ်ရှင်လောကကို လုပ်နိုင်ရပါမယ်။ ဖျော်ဖြေရေးလုပ်ငန်းကတစ်ဆင့် နိုင်ငံရဲ့ယဉ်ကျေးမှု၊ မျှော်လင့်ချက်တွေကို ကမ္ဘာကသိအောင်၊ နားလည်အောင်၊ လေးစားအောင်လုပ်နိုင်တဲ့အခွင့်အရေးတွေကို

ဆုပ်ကိုင်နိုင်ဖို့အတွက် ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းလိုက်ရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခု ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ ရုပ်ရှင်ရုံအရေအတွက်က အနည်းငယ်ကွဲလွဲမှုရှိနေပါတယ်။ စာရင်းအမှန်ကတော့ နိုင်ငံတော်မှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံပေါင်း ၁၃၆ ရုံရှိပြီး အဲဒီအနက် ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ပါတဲ့ ရုပ်ရှင်ရုံ ၉၄ ရုံနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်မပါတဲ့ ရုပ်ရှင်ရုံ ၄၂ ရုံတို့ဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဆက်လက်ပြီး ရုပ်ရှင်ပြသခြင်းနှင့်ပတ်သက်လို့ အနည်းငယ်ရှင်းပြရမယ်ဆိုပါလျှင် ယခင်က Film စနစ်နဲ့ပြသခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ Film တွေရှားပါးလာမှုနှင့်အတူ ရုပ်ရှင်ထုတ်လုပ်မှုကလည်း ကျဆင်းလာခဲ့ပါတယ်။ တစ်နှစ်တာလုံးမှာ ရုပ်ရှင်ကားထုတ်လုပ်မှုဟာ ဆယ်ဂဏန်းအောက်လျော့တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ နိုင်ငံတကာမှာ Film တွေသုံးစွဲခြင်းမရှိသလောက် နည်းပါးလာမှုကြောင့် မြန်မာ့ရုပ်ရှင်ပြန်လည်ဦးမော့ဖို့ဆိုရင် ကမ္ဘာမှာအသုံးပြုနေတဲ့ Digital စနစ်ကို ပြောင်းလဲဖို့ လိုအပ်လာခဲ့ပါတယ်။ အဲဒါကြောင့် ရုပ်ရှင်ရုံတွေကို Digital Cinema Package (DCP) အဖြစ် အသွင်ပြောင်းနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃ ခုနှစ်ကစပြီး တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒီလို Digital စနစ်ကို ပြုပြင်ပြောင်းလဲလာနိုင်တာနှင့်အမျှ မြန်မာ့ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုဟာ ၂၀၁၅ ခုနှစ်မှာ ၃၂ ကား၊ ၂၀၁၆ ခုနှစ်မှာ ၉၈ ကား၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့အထိ ၁၅၀ ကားအထိ တိုးတက်ထုတ်လုပ်လာနိုင်တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဒီလိုမြန်မာ့ရုပ်ရှင်ဇာတ်ကားများ တိုးတက်ထုတ်လုပ်နိုင်လာခဲ့တာနှင့်အမျှ ပြသတဲ့ရုပ်ရှင်ရုံလိုအပ်ချက်မှာလည်း လျင်မြန်စွာ တိုးတက်များပြားလာခဲ့ပါတယ်ခင်ဗျား။ ဒီလိုအခြေအနေမှာ ပုဂ္ဂလိကကို အပြီးအပိုင်ရောင်းချပြီးဖြစ်တဲ့ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရမယ့်ရုပ်ရှင်ရုံ ၉၄ ရုံအနက် ၁၃-၁၂-၂၀၁၇ ရက်နေ့အထိ Digital စနစ်သို့ပြောင်းလဲပြီး ပြသလျက်ရှိတဲ့ရုပ်ရှင်ရုံ ၁၄ ရုံသာရှိသေးပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းမှာ Digital စနစ်သို့ပြောင်းလဲပြသနိုင်မည့်ရုပ်ရှင်ရုံ ငါးရုံသာရှိတဲ့အတွက် Digital စနစ်သို့ ပြောင်းလဲရန်ရုပ်ရှင်ရုံ ၇၅ ရုံ ကျန်ရှိနေပါသေးတယ်ခင်ဗျား။ အဆိုပါ ၇၅ ရုံကတော့ ကချင်ပြည်နယ်မှာ နှစ်ရုံ၊ မွန်ပြည်နယ်မှာ လေးရုံ၊ ရခိုင်ပြည်နယ်မှာ ငါးရုံ၊ ရှမ်းပြည်နယ်မှာ ၁၀ ရုံ၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ လေးရုံ၊ တနင်္သာရီတိုင်းဒေသကြီးမှာ နှစ်ရုံ၊ နေပြည်တော်မှာ နှစ်ရုံ၊ ပဲခူးတိုင်းဒေသကြီးမှာ ကိုးရုံ၊ မကွေးတိုင်းဒေသကြီးမှာ ငါးရုံ၊ မန္တလေးတိုင်းဒေသကြီးမှာ ၁၁ ရုံ၊ ရန်ကုန်

တိုင်းဒေသကြီးမှာ ၁၁ ရုံ၊ ဧရာဝတီတိုင်းဒေသကြီးမှာ ၁၁ ရုံတို့ဖြစ်ကြပါတယ်။ ဒီရုပ်ရှင်ရုံတွေနဲ့ ပတ်သက်ပြီး ရုပ်ရှင်ပြသရန် သတ်မှတ်ထားသော်လည်း ရုပ်ရှင်ပြသခြင်းမရှိခြင်းနှင့် အခြားလုပ်ငန်းများလုပ်ကိုင်နေခြင်းတို့အတွက် စာချုပ်ပါစည်းကမ်းဖောက်ဖျက်မှုတို့အပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အဲဒီလိုစာချုပ်ပါစည်းကမ်းဖောက်ဖျက်တဲ့ ရုပ်ရှင်ရုံတွေကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသလို တခြားတစ်ဖက်မှာလည်း ၎င်းတို့အနေနဲ့ Digital စနစ်သို့ပြောင်းလဲရာမှာ အရင်းအနှီးအခက်အခဲ၊ နည်းပညာအခက်အခဲကြောင့် ဆောင်ရွက်ဖို့ နှောင့်နှေးနေတဲ့အခြေအနေကို ကူညီဖြေရှင်းပေးတဲ့အနေနဲ့ Digital စနစ်ဖြင့် ပြောင်းလဲပြသနိုင်ဖို့ စိတ်ဝင်စားတဲ့ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရုပ်ရှင်ရုံများ ဖွံ့ဖြိုးရေးဆောင်ရွက်နေတဲ့ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်အောင် ကူညီပံ့ပိုးလျက်ရှိပါတယ်။ ဒါ့အပြင် တစ်ဖက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ အရ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားပြီးဖြစ်တဲ့ ရုပ်ရှင်ရုံများနှင့် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ နှစ်ရှည်ငှားရုပ်ရှင်ရုံတွေရဲ့ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ လွှဲပြောင်းနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလွှဲပြောင်းနိုင်ပေးခြင်းအားဖြင့် ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရများက ပိုမိုအာရုံစူးစိုက်ပြီး ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ရုပ်ရှင်ကားများ ထုတ်လုပ်မှုများပြားလာတာနှင့် အမျှ ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံများလည်း ထပ်မံပေါ်ပေါက်လာနေပါတယ်။ စာရင်းများအရ ၂၀၁၄ ခုနှစ်မှာ ၁၅ ရုံ၊ ၂၀၁၅ ခုနှစ်မှာ ၁၉ ရုံ၊ ၂၀၁၆ ခုနှစ်မှာ ၃၄ ရုံနှင့် ၂၀၁၇ ခုနှစ်မှာ ၅၈ ရုံအထိ တိုးချဲ့ဖွင့်လှစ်လာနိုင်တာကို တွေ့ရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တည်ဆဲဥပဒေများနှင့်အညီ ယင်းတို့ရဲ့လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျား။ နိုင်ငံတော်ပိုင် ရုပ်ရှင်ရုံ ၂၇ ရုံရှိသည့်အနက် Red Theatre အဖြစ် စီစဉ်ဆောင်ရွက်နေတဲ့ ရုပ်ရှင်ရုံတစ်ရုံမှအပ ပုဂ္ဂလိကသို့ နှစ်ရှည်ငှားထားတဲ့ ရုပ်ရှင်ရုံ ၂၆ ရုံရှိတဲ့အနက် Digital စနစ်ကိုပြောင်းလဲပြီးဖြစ်တဲ့ ရုပ်ရှင်ရုံ ၂၂ ရုံရှိပြီး ကျန်ရှိနေတဲ့ လေးရုံကိုလည်း Digital စနစ်သို့ပြောင်းလဲနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အများပြည်သူ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ အများပြည်သူသိသင့်သိထိုက်တဲ့သတင်းအချက်အလက်ရယူပိုင်ခွင့်နဲ့ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ထားမှုကို မေးမြန်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ Power Point အသုံးပြု

ပြီး တင်ပြခွင့်ပြုပါရှင်။ သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေမပြဋ္ဌာန်းခင်မှာ၊ ဥပဒေအတည်မပြု ပေးနိုင်ခင်မှာ အများပြည်သူများ သတင်းအချက်အလက်ရယူဖို့အတွက်ကို ဘယ်လိုစီစဉ်ဆောင်ရွက် ထားတာနဲ့ သတ်မှတ်ချိန်အတွင်း အကြောင်းပြန်ပေးဖို့အတွက်ကို အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန် ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ သတင်းအချက်အလက်ရယူခြင်းကို တားဆီးဟန့်တားတဲ့ ဝန်ထမ်းများကိုလည်း ဘယ်လိုအရေးယူပေးမလဲဆိုတဲ့ဥစ္စာကိုသိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါ တယ်။ တကယ်တော့ သတင်းအချက်အလက်ရယူပိုင်ခွင့်ဆိုတာ ကျွန်မတို့ရဲ့အခြေခံအခွင့်အရေးဖြစ်ပါ တယ်။ အခြေခံလူ့အခွင့်အရေးဖြစ်ပါတယ်။ လူ့အခွင့်အရေးရဲ့အပိုဒ် ၁၉ မှာလည်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ အစိုးရက ပြည်သူ့အတွက်ဝန်ဆောင်မှုများပေးရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်သူများက ရွေးကောက်တင်မြှောက်ပေးထားတာဖြစ်ပြီးတော့ အစိုးရဝန်ထမ်းများက တိုင်းပြည်ရဲ့ဝင်ငွေများ၊ ရင်းမြစ်များကိုအသုံးပြုပြီးတော့ တိုင်းပြည်တိုးတက်စေရန်အတွက် အားထုတ် လုပ်ဆောင်ရန် ပြည်သူ့မှအခွင့်အာဏာအပ်နှင်းထားခြင်းဖြစ်တယ်ဆိုတဲ့ အခြေခံအချက်အလက်တွေ ကို နားလည်သဘောပေါက်မှုအားနည်းခြင်း၊ လိုက်နာကျင့်သုံးမှုမရှိခြင်းတို့ကြောင့် သတင်း အချက်အလက်ရယူ ပိုင်ခွင့်နှင့်ပတ်သက်ပြီးရင် နိုင်ငံသူနိုင်ငံသားများရဲ့အခွင့်အရေးသာမကဘူး။ ကိုယ်စားလှယ်တွေရဲ့ အချက်အလက်တွေတောင်းတဲ့အခါမှာ နှောင့်နှေးကြန့်ကြာတာ၊ သတင်းမီဒီယာ များ သတင်းအချက်အလက်ရယူတဲ့အခါမှာ အနှောင့်အယှက်ဖြစ်ရတာ များစွာကြုံတွေ့နေရတဲ့ အတွက်ကြောင့်မို့လို့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ တကယ်တော့ ဒီမိုကရေစီအသွင် ကူးပြောင်း ဖို့အတွက်ဆိုလို့ရှိရင် သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့်ပတ်သက်ပြီး မဖြစ်မနေဆောင်ရွက်ထား ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့အဆင့် တိုင်းအဆင့်တိုင်းမှာ သတင်းအချက်အလက်ရယူဖို့ လိုအပ်ပါတယ်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အခွန်ကောက်ခံရရှိမှု၊ အများပြည်သူသက်ဆိုင်သောဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်းပြီးတော့ သတင်းအချက်အလက် များကို ပြည်သူများရယူပိုင်ခွင့်ရှိပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံအများစုမှာ သတင်း အချက်အလက်ရယူပိုင်ခွင့်နှင့်ပတ်သက်ပြီးတော့ သီးခြားဥပဒေပြဋ္ဌာန်းခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ထည့်သွင်းခြင်းများ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ သတင်းအချက်အလက် ရယူပိုင်ခွင့်နဲ့ပတ်သက်ပြီး တော့ အကျိုးကျေးဇူးတွေအများကြီးရှိပါတယ်။ အဂတိလိုက်စားမှုတွေလျော့နည်းသွားစေနိုင်ပါတယ်။ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုတွေ မြင့်တက်စေနိုင်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ပိုမိုအားကောင်းလာနိုင်စေပါတယ်။ တစ်ဦးချင်းစီအတွက်လည်း အကျိုးကျေးဇူးရပါ တယ်။ မှတ်ပုံတင်လုပ်တဲ့အခါတို့၊ နိုင်ငံကူးလက်မှတ်လျှောက်ထားတဲ့အခါမှာ လိုအပ်တဲ့သတင်း အချက်အလက်အတိအကျရထားရင် လွယ်ကူသွားမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများအတွက် လည်း ပိုမိုထိရောက်စွာလုပ်ကိုင်နိုင်ပါတယ်။ မျှတတဲ့ယှဉ်ပြိုင်မှုတွေ ပိုမိုဖြစ်ပေါ်လာနိုင်စေပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေလည်း လျော့နည်းသွားစေနိုင်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမို အားကောင်းလာပြီးတော့ ပြည်သူပူးပေါင်းပါဝင်တဲ့အတွက် ပိုမိုတိုးတက်လာတယ်ဆိုတဲ့ အကျိုးကျေးဇူး တွေလည်းရရှိမှာဖြစ်ပါတယ်ရှင့်။ သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့်ပတ်သက်ပြီးရင် လွန်ခဲ့တဲ့နှစ် ပေါင်း ၂၅၀ လောက်ကတည်းက ဆွီဒင် နိုင်ငံမှာ ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီးတော့ ၁၉၆၆ ခုနှစ်မှာ အမေရိကန် နိုင်ငံ၊ ၁၉၈၃ ခုနှစ်မှာ ကနေဒါနိုင်ငံနှင့် ကျွန်မတို့ရဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ၁၉၉၇ ခုနှစ်

မှာ ပြဌာန်းပြီးတော့မှ ဒီသတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေကြောင့်မို့ ဒီမိုကရေစီပိုမို အားကောင်းလာပြီးတော့မှ အဆင်ပြေချောမွေ့မှု တွေအများကြီးဖြစ်တယ်ဆိုတဲ့သာဓကတွေရှိပါတယ်။ ယခုအခါမှာ နိုင်ငံပေါင်း ၁၂၀ ခန့်မှာ ဒီဥပဒေပြဌာန်းပေးပြီးတော့ ကမ္ဘာ့လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ပြီလို့လည်း သိရပါတယ်။ ဒီသတင်းအချက်အလက်ရယူပိုင်ခွင့်ကြောင့်မို့လို့ အုပ်ချုပ်ရေး လုပ်ထုံး လုပ်နည်းတွေပြောင်းလဲလုပ်ဆောင်ပြီးတော့ ပွင့်လင်းမြင်သာမှုတွေအားကောင်းခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းဖို့အတွက် များစွာအထောက်အကူဖြစ်တယ်ဆိုတဲ့ဥစ္စာကို လေ့လာတွေ့ရှိရ ပါတယ်။ ကျွန်မတို့ရဲ့ဒေသတွင်းနိုင်ငံတွေမှာဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ ၂၀၀၅ ခုနှစ်မှာပြဌာန်းခဲ့ပြီးတော့မှ မည်သည့်နိုင်ငံသားမဆို အစိုးရထံမှာ သတင်းအချက်အလက်တောင်းယူပိုင်ခွင့်ရှိတယ်ဆိုတာကို ပြဌာန်းပေးခဲ့ပါတယ်။ အစိုးရအဖွဲ့ဟာ ရက်ပေါင်း ၃၀ အတွင်းမှာ အကြောင်းပြန်ပေးရမယ်ဆိုတာ လည်း ပါရှိပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ နိပေါနိုင်ငံမှာပြဌာန်းပေးနိုင်ခဲ့ပြီးတော့ သတင်း အချက်အလက်တောင်းဆိုခြင်းမရှိလျှင်တောင်မှ အစိုးရက ပုံမှန် သို့မဟုတ် အခါအားလျော်စွာ အချက်အလက်များကို ထုတ်ပြန်ပေးရမယ်လို့ ပါရှိပါတယ်။ အမျိုးသားသတင်းအချက်အလက် ကော်မရှင်တည်ထောင်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံမှာ ပြဌာန်းပေးခဲ့ပြီးတော့ တောင်းဆိုသောသတင်းအချက်အလက်များကို ၁၀ ရက်အတွင်း အကြောင်းပြန်ပေးရမယ်လို့ ပါပါတယ်။ ပြန်ကြားရေးကော်မရှင်ကို သမ္မတက ခန့်အပ်ပေးခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ သီရိလင်္ကာမှာပြဌာန်းပြီးတော့ မည်သည့်နိုင်ငံသားမဆို သတင်းအချက်အလက်တောင်းဆိုခြင်းကို ၂၈ ရက်အတွင်း အစိုးရမှအကြောင်းပြန်ပေးရမယ်ဆိုပြီးတော့ RTI ကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ကောင်စီကနေပြီးတော့ ခန့်အပ်ခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း သတင်းအချက်အလက်ရယူပိုင် ခွင့်နှင့်ပတ်သက်ပြီးတော့မှ ဥပဒေပြဌာန်းပေးဖို့ရန် လိုအပ်နေပြီးတော့ ဥပဒေမပြဌာန်းခင်မှာ ပြည်သူ တွေရဲ့အခြေခံအခွင့်အရေးဖြစ်တဲ့ သတင်းအချက်အလက်ရနိုင်ဖို့အတွက် ဌာနဆိုင်ရာအသီးသီးကို လိုအပ်တဲ့ညွှန်ကြားမှုတွေပြုလုပ်ဖို့ရန်အတွက် လိုအပ်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးအများ ကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော် များခင်ဗျား။ အခုဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနှင့်ပတ်သက်ပြီးဖြေကြားရမယ်ဆိုရင် အများပြည်သူ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ စာရင်းကို ဖွဲ့စည်းထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Web Portal ဖြစ်တဲ့ www.moi.gov.mm မှာ လွှင့်တင်ထားပါတယ်။ ဒါ့အပြင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရ

သော ဦးစီးဌာနများနှင့် လုပ်ငန်းများသို့ ရုံးလုပ်ငန်းများဆောင်ရွက်ရန် လာကြတဲ့ပြည်သူများအနေဖြင့် အဆင်ပြေလွယ်ကူစေရေးအတွက် သက်ဆိုင်ရာဌာနများရဲ့ ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနဲ့ လိုအပ်တဲ့ သတင်းအချက်အလက်များကို အများပြည်သူ မြင်သာသောနေရာများမှာ ချိတ်ဆွဲပြသထားရန်နှင့် Website၊ Social Media အစရှိသော အင်တာနက်လူမှုကွန်ရက်များတွင် ဖော်ပြပေးခြင်းတို့ကို အထူးအလေးထားဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက ၁၀-၁၀-၂၀၁၆ ရက်နေ့မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၇-၁၀-၂၀၁၆ ရက်နေ့မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့သို့လည်းကောင်း အကြောင်းကြားထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ Web Portal၊ Website နဲ့ Social Media များမှာ လွှင့်တင်ထားတဲ့ ကိန်းဂဏန်း၊ စာရင်းဇယားများနဲ့ အချက်အလက်အချို့ဟာ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲတက်တဲ့အတွက် ယင်းတို့ကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် စဉ်ဆက်မပြတ် Update လုပ်ပေးဖို့ သက်ဆိုင်ရာဝန်ကြီး ဌာနများသို့ ဆက်သွယ်ညှိနှိုင်းနှိုးဆော်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရရှိတဲ့အချက်အလက်များ၊ ရုံးလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များ အပါအဝင် အခြားသောဝန်ကြီးဌာနများရဲ့ သတင်းအချက်အလက်များ၊ မိုးလေဝသသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနဲ့ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုသတင်းများကို ပြည်သူအများ အလွယ်တကူ သိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ Call Center Hot Line(1883)ကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ဒီမိုကရေစီလူ့ဘောင်တစ်ခုတွင် အများပြည်သူသို့ မဏ္ဍိုင်(၃)ရပ်ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုများကို အသိပေးရတဲ့သတင်းမီဒီယာများမှတစ်ဆင့် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို စနစ်တကျပေးပို့နိုင်ရန်အတွက် မဏ္ဍိုင်(၄)ရပ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာပါ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှတစ်ဆင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်တည်းမှာ နိုင်ငံသားအားလုံး သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို စနစ်တကျရရှိနိုင်ရန်အတွက် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(Right to Information Law) ကို ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ရှင့်။ ဖြေသွားပေးတဲ့ဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မတို့ ဒီလိုမျိုးစီစဉ်ထားတယ်ဆိုတာလည်း ဒီ Website တွေမှာလည်း မကြာခဏဝင်ပြီးတော့ကြည့်တဲ့အတွက် သိပါတယ်။ သို့သော်လည်းပဲ ကျွန်မတို့အောက်ခြေမှာတော့ ဒီညွှန်ကြားချက်တွေဟာ မရောက်ပါဘူး။ ကျွန်မရဲ့မဲဆန္ဒနယ်မှာဆိုရင် ကျွန်မ စည်ပင်ကနေပြီးတော့မှ ကျွန်မ မြို့နယ်၊ ကျောက်တန်းမြို့နယ်မှာရှိတဲ့ လိုင်စင်နဲ့ပတ်သက်တာတွေကို ဘယ်လိုမျိုးစီစဉ်ထားလဲ၊ ဘယ်နှစ်ခုရှိသလဲဆိုတဲ့ဥစ္စာကိုမေးတဲ့အခါမှာ ဝန်ထမ်းကနေပြီးတော့ အမှုဆောင်အရာရှိ

ခွင့်ပြုမှ ဖြေမယ်လို့ပြောပါတယ်။ အမှုဆောင်အရာရှိကိုမေးတဲ့အခါမှာ အမှုဆောင်အရာရှိက စာရင်းပြုစုပါမယ်လို့ပြောပါတယ်။ ကျွန်မတွေ့တိုင်းမေးတဲ့အခါမှာ မေးတိုင်းတော့ စာရင်းပြုစုနေပါတယ်လို့ဖြေပေမဲ့ လပေါင်းများစွာကြာတဲ့အခါမှာ အထက်ကခွင့်ပြုမှပေးနိုင်မယ်ဆိုပြီးတော့ ပြောပါတယ်။ ဒီလိုမျိုးမြို့တစ်မြို့မှာ စီမံခန့်ခွဲရမယ့်ကိစ္စမျိုးတွေကို တရားဝင်ကြေညာထားပေးရမယ့် အစား ကိုယ်စားလှယ်ကိုယ်တိုင်ကမေးတာတောင်မှပဲ နေ့ရွှေ့၊ ညရွှေ့၊ နောက်ဆုံး အထက်ကတို့၊ ဘယ်ကမှန်းမသိတာတို့၊ တိုင်းဒေသကြီးကခွင့်ပြုမှလို့ဆိုတဲ့ဟာမျိုးနဲ့ ကျွန်မတို့ အခုချိန်အထိ မရပါဘူး။ ဒါကလက်ရှိ ကျွန်မတို့ လက်ရှိမြေပြင်အခြေအနေမှာ ဖြစ်ပေါ်နေတာပါ။ အုပ်ချုပ်ရေးကို မေးတော့လည်း အုပ်ချုပ်ရေးက မသိဘူးလို့ပြောပါတယ်။ ဒါ စည်ပင်ကလုပ်ပိုင်ခွင့်လို့ပြောပါတယ်။ ဆိုတော့ ကျွန်မတို့ဒီလို အချက်အလက်လေးတွေမသိဘဲနဲ့ ကျွန်မတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုစီမံခန့်ခွဲကြမှာလဲ။ ဌာနတိုင်း၊ ဌာနတိုင်းဟာ ဒီလိုမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သတင်းအချက်အလက်ကိုလိုချင်တဲ့အခါမှာ ဌာနဆိုင်ရာနဲ့ပတ်သက်ပြီး စုံစမ်းတဲ့အခါမှာ ဝန်ထမ်းတွေရဲ့ဆက်ဆံရေးနဲ့ ပြေလည်အောင်ဖြေကြားမှုအပိုင်းတွေပါ အင်မတန်မှ ဆိုးဆိုးရွားရွား ဖြစ်နေသေးတဲ့အတွက် ကျွန်မက ပြည်သူတို့ရဲ့အခြေခံအခွင့်အရေးကို တရားဝင်ရဖို့အတွက်ကို သတင်းအချက်အလက်နဲ့ ဥပဒေနဲ့ပတ်သက်ပြီးတော့ အမြန်ဆုံးလုပ်ဖို့နဲ့ ဘယ်အချိန်မှာလုပ်ပေးမလဲ။ မလုပ်ပေးခင်မှာလည်း ဒီလိုဌာနဆိုင်ရာအသီးသီးတွေကို ညွှန်ကြားပေးဖို့နဲ့ ညွှန်ကြားထားပြီးသား ဖြစ်ရဲ့သားနဲ့ မလိုက်နာလို့ရှိရင် အရေးယူဆောင်ရွက်ပေးဖို့အတွက်ကို ဌာနအသီးသီးရဲ့လုပ်ဆောင်ချက်ကို ကျွန်မက မြို့နယ်အဆင့်၊ ရပ်ရွာအဆင့် အဆင့်ဆင့်တိုင်းမှာအထိ ရောက်ဖို့အတွက် စီစဉ်ဖို့အတွက်ကို မေးမြန်းတာဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း ထပ်မံပြီးတော့မှ ပြည့်ပြည့်စုံစုံ ဘယ်လိုစီစဉ်ပေးမလဲဆိုတာကို သိလိုပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါရန်။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ အခုလို လက်တွေ့မှာ ကြုံတွေ့နေရတဲ့ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့မှာ အခက်အခဲတွေ အများကြီးရှိပါသေးတယ်။ အဲဒါကို လိုအပ်သလို ဆက်လက်နှိုးဆော်ဖို့ နှိုးဆော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပုဂ္ဂလိကသတင်းစာများ အားကောင်းမောင်းသန် ရှင်သန်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တွံတေး မဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေးကြေညာစာတမ်းကို ပါဝင်လက်မှတ်ရေးထိုးကြတဲ့ အမေရိကန်နိုင်ငံရဲ့ Founding Father တစ်ယောက်လို့လည်းခေါ်နိုင်တယ်။ တတိယမြောက်

သမ္မတကြီး သော(စ်)မတ်ဂျဖာဆင်ပြောခဲ့တဲ့ ကမ္ဘာကျော်စကား တစ်ခွန်းရှိပါတယ်။ အဲဒါကတော့ အစိုးရရှိပြီးတော့ သတင်းစာမရှိတဲ့နိုင်ငံနဲ့ သတင်းစာရှိပြီးတော့ အစိုးရမရှိတဲ့နိုင်ငံနှစ်ခု ကျွန်တော့်ကို ရွေးခိုင်းမယ်ဆိုရင် ကျွန်တော်က သတင်းစာရှိပြီးတော့ အစိုးရမရှိတဲ့နိုင်ငံကိုပဲရွေးမယ်ဆိုပြီးတော့ အဲဒီလို ဖြေကြားခဲ့ပါတယ်။ အဲဒီတော့ ဒီစကားကတော့ ကမ္ဘာ့သတင်းစာလောကမှာ ဒါ ထင်ရှားတဲ့စကားတစ်ခွန်းပါ။ သတင်းစားတွေနဲ့ပတ်သက်ပြီးတော့ ပြောတာနည်းနည်းများတယ်။ အစွန်းရောက်တယ်လို့ ယူဆကောင်းယူဆနိုင်ပါတယ်။ သို့သော် ဒီကနေ့ အမေရိကန်ပြည်ထောင်စုဟာကမ္ဘာပေါ်မှာ စစ်ရေးရော၊ စီးပွားရေးရော၊ အင်အားအကောင်းဆုံးနိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီလို အင်အားအကောင်းဆုံးဖြစ်လာတာဟာ တတိယမြောက်သမ္မတကြီးရဲ့ဒီအတွေးအခေါ်နဲ့ဆက်စပ်နေသလားဆိုတာကို စဉ်းစားပြီးတော့ တွေးတောသင့်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီမိုကရေစီနိုင်ငံတစ်ခုမှာ နိုင်ငံတော်အစိုးရက ပြည်သူ့ဘဏ္ဍာငွေနဲ့သတင်းစာထုတ်တဲ့ကိစ္စကို ကျွန်တော်က လက်မခံတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံဟာ ယခုအချိန်မှာ ဒီမိုကရေစီနိုင်ငံပြည့်ပြည့်ဝဝမဖြစ်သေးဘူး။ ကျွန်တော်တို့က Transactional Period Democracy စနစ်ဆီကိုဦးတည်ပြီးတော့ ပန်းတိုင်ဆီကို ဦးတည်ပြီးသွားနေတဲ့နိုင်ငံတစ်ခုပဲဖြစ်တဲ့အနေအထားမှာပဲ မရှိသေးတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရက ပြည်သူ့ဘဏ္ဍာနှင့် သတင်းစာတွေထုတ်နေတဲ့ကိစ္စကို ကျွန်တော်က ဘာမှအငြင်းမပွားလိုပါဘူး။ သို့သော် ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ခုနှစ်မှာ ပါတီစုံလွှတ်တော်ပေါ်လာတယ်။ အဲဒီနောက်မှာလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပုဂ္ဂလိကသတင်းစာတွေကို ထုတ်ယူခွင့်ပြုလိုက်ပါတယ်။ ၂၀၁၃ ခုနှစ် ဧပြီလမှာစပြီးတော့ ထုတ်ယူခွင့်ပြုပါတယ်။ အဲဒီအခါမှာ လျှောက်ထားတဲ့သတင်းစာ ၄၄ စောင်ရှိပါတယ်။ သို့သော်လည်း တကယ်ထုတ်နိုင်တဲ့သတင်းစာက အဲဒီအရေအတွက်လောက်မရှိပါဘူး။ အခုအချိန်မှာတော့ အားလုံးသိကြတဲ့အတိုင်းပဲ သတင်းစာတွေရဲ့အရေအတွက်က လက် ၁၀ ချောင်းမပြည့်တဲ့အနေအထားမှာရောက်နေပါပြီ။ ဒီလက် ၁၀ ချောင်းမပြည့်တဲ့သတင်းစာတွေကလည်း အခက်အခဲတွေ၊ အထူးသဖြင့် ဘဏ္ဍာရေးအခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ အထူးသဖြင့်တော့ ပုဂ္ဂလိကသတင်းစာတွေ ဒါတွေဟာ ကျွန်တော်တို့ဒီမိုကရေစီနိုင်ငံရဲ့ကျက်သရေမင်္ဂလာတွေဖြစ်ပါတယ်။ ပုဂ္ဂလိကသတင်းစာတွေ အားနည်းနေရင် ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်ကလည်း ညှိုးနွမ်းနေမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသတင်းစာ ထုတ်ဝေတဲ့သူတွေခံစားနေကြရတာ သူတို့ဟာ နိုင်ငံတော်အစိုးရဟာပြည်သူ့ဘဏ္ဍာငွေနဲ့ထုတ်ဝေနေတဲ့ အစိုးရသတင်းစာတွေနဲ့ ပြိုင်ဆိုင်တဲ့အခါမှာ Fairly မဖြစ်ဘူး။ တရားမျှတစွာပြိုင်ဆိုင်နိုင်ခွင့်မရှိဘူးဆိုတဲ့ ခံစားချက်တွေ ခံစားနေရပါတယ်။ နိုင်ငံတော်အစိုးရကထုတ်ဝေတဲ့သတင်းစာတွေကတော့ Infrastructure တွေလည်းအများကြီးရှိတယ်။ Type ခွဲတွေကလည်း အများကြီးရှိတယ်။ ဈေးနှုန်းကလည်း သက်သာတယ်။ ဒါကြောင့်မို့လို့ နောက်တစ်ခါ ကြော်ငြာတွေကလည်း အများကြီးရထားပါတယ်။ နောက်တစ်ခါ နိုင်ငံတော်အစိုးရက ထည့်တဲ့ကြော်ငြာတွေကလည်း အစိုးရကထုတ်တဲ့သတင်းစာတွေမှာပဲ ထည့်သွင်းလို့ရတဲ့အနေအထားဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ပုဂ္ဂလိကသတင်းစာတွေဟာ နိုင်ငံပိုင်သတင်းစာတွေနဲ့ပြိုင်ဆိုင်တဲ့အခါမှာ Heavy Weight လက်ဝှေ့သမားနဲ့ Thin Weight ကလက်ဝှေ့သမား ထိုးနေရတဲ့ပုံစံမျိုး မမျှမတနဲ့ယှဉ်ပြိုင်နေရတဲ့အတွက်ကြောင့်မို့လို့ မျှမျှတတဖြစ်အောင် နိုင်ငံတော်အစိုးရအနေနဲ့က ပုဂ္ဂလိကသတင်းစာတွေဖွံ့ဖြိုးစည်ပင်ရှင်သန်

လာအောင် လုပ်ပေးဖို့ အတွက် အစီအစဉ်ရှိ/မရှိဆိုတာကိုလည်း သိချင်ပါတယ်။ နောက်တစ်ခါ ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံမှာ Competition Law ဆိုပြီးတော့ ပြိုင်ဆိုင်နိုင်ခွင့်ဥပဒေဆိုတာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေမှာ လွတ်လပ်စွာ၊ တရားမျှတစွာပြိုင်ဆိုင်ရမယ်ဆိုတာ ပါထားပါတယ်။ သို့သော်လည်း ပုဂ္ဂလိက သတင်းစာထုတ်ဝေသူတွေကတော့ အစိုးရကထုတ်တဲ့သတင်းစာတွေဟာ သူတို့ပေါ်မှာဈေးကွက် အသာစီးယူပြီးတော့ သူတို့ပေါ်မှာ မမျှမတအနိုင်ယူနေတယ်လို့ သူတို့ခံစားနေရပါတယ်။ ဒီစွပ်စွဲ ချက်တွေလည်းရှိပါတယ်။ ဒီစွပ်စွဲချက်တွေအပိုင်းနှင့်ပတ်သက်ပြီးတော့လည်း နိုင်ငံတော်အစိုးရရဲ့အဖြေကိုလည်း ကျွန်တော်တို့ သိချင်ပါတယ်။ ပုဂ္ဂလိကသတင်းစာတွေ ဖွံ့ဖြိုးစည်ပင်ဝေဆာလာအောင်လို့ နိုင်ငံတော်အစိုးရမှာ ကြံစည်ထားတဲ့အစီအမံတွေရှိ/မရှိဆိုတာကိုလည်း ကျွန်တော်သိချင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကသတင်းစာများ အားကောင်းမောင်းသန် ရှင်သန်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုအစီအမံများ ပြည်ထောင်စုအစိုးရတွင်ရှိ/မရှိနှင့် ရှိသည်ဆိုပါက ယင်းအစီအမံများ အကြောင်း အသေးစိတ်ကိုသိရှိလိုခြင်းနှင့်ပတ်သက်၍ စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ မြန်မာနိုင်ငံရဲ့ လက်ရှိသတင်းစာများထုတ်ဝေနေမှု အခင်းအကျင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက သတင်းစာ ၃၇ စောင်နှင့် ဌာနဆိုင်ရာသတင်းစာ ၇ စောင် စုစုပေါင်း ၄၄ စောင်ကို ထုတ်ဝေခွင့်ပြုထားပါတယ်။ ယင်းတို့အနက် လက်ရှိအခြေအနေမှာ မန္တလေးနေ့စဉ်၊ မြဝတီရောင်စုံ၊ ရတနာပုံ၊ မြို့တော်၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် Global New Light of Myanmar စတဲ့ ဌာနဆိုင်ရာသတင်းစာများ စုစုပေါင်း ၇ စောင်ရှိပါတယ်။ ပုဂ္ဂလိကသတင်းစာများကတော့ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် The Straits Times, New York Times, Myanmar Times နှင့် China Daily လေးစောင်ရှိပါတယ်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် စံတော်ချိန်၊ ခေတ်သစ်၊ ဒီမိုကရေစီတုဒေး၊ 7 Day Daily၊ Daily Eleven၊ The Voice Daily ပြည်ထောင်စုနေ့စဉ်၊ မြန်မာတိုင်းမ်၊ မြန်မာသံတော်ဆင့်၊ ဝိတိုရိယနှင့် ညနေခင်းသတင်းစာ စုစုပေါင်း ၁၁ စောင်။ ဒါ့အပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် တအောင်း၊ ပလောင်စသည့် တိုင်းရင်းသားဘာသာအသီးသီးဖြင့် ထုတ်ဝေနေသည့် သတင်းစာနှင့် ဂျာနယ် ၄၇ စောင်ရှိပါတယ်။ ဒီအခင်းအကျင်းကို ကြည့်ခြင်းအားဖြင့် ပုဂ္ဂလိကသတင်းစာများ လွတ်လပ်စွာ ထုတ်ဝေဖြန့်ချိလျက်ရှိတာကို တွေ့မြင် နိုင်မှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတကာမှာ ဆက်သွယ်ရေးနည်းပညာ တစ်ဟုန်ထိုးတိုးတက်လာတဲ့အလျောက် Online

Media မှာ လျင်မြန်စွာဖွံ့ဖြိုးလာနေပါတယ်။ တရှိန်တည်းမှာပဲ Print Media လို့ခေါ်တဲ့ ပုံနှိပ်မီဒီယာများရဲ့အခန်းကဏ္ဍကတော့ တစ်ရိပ်ရိပ်ကျဆင်းလျက်ရှိတာကို တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်ကစတင်ပြီးတော့ ကမ္ဘာကျော်သတင်းစာကြီးများအပါအဝင် ပုံနှိပ်သတင်းစာ အများအပြားကို Online သတင်းစာများအဖြစ် လုံးဝပြောင်းလဲ၍ဖြစ်စေ၊ ပုံနှိပ်သတင်းစာနှင့်ယှဉ်တွဲ၍ဖြစ်စေ စတင်ထုတ်ဝေလာခဲ့ကြပါတယ်။ ၁၇၃၄ ခုနှစ်မှာ စတင်ထုတ်ဝေခဲ့တဲ့ ကမ္ဘာ့သက်တမ်းအရှည်ဆုံး Lloyd's List Journal ဟာ ပုံနှိပ်ထုတ်ဝေရာကနေ Online Version ကို ၂၀၁၃ ခုနှစ်မှာ အပြီးအပိုင်ပြောင်းလဲခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း Mizzima Newspaper အပါအဝင် သတင်းစာအများအပြားကို Digital Newspaper များအဖြစ် ပြောင်းလဲထုတ်ဝေလာတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံနှိပ်သတင်းစာများ ရပ်တည်ရန်ခက်ခဲလာရတဲ့ အဓိကအကြောင်းအရင်း တစ်ခုကတော့ သတင်းစာများရောင်းချရမှု(Subscription)နှင့် ကြော်ငြာများမှရရှိတဲ့ ဝင်ငွေတို့ ကျဆင်းလာရခြင်းတို့ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကြော်ငြာဝင်ငွေများဟာ ပုံနှိပ်မီဒီယာများအပြင် ရေဒီယိုရုပ်သံ(Broadcast)နှင့် Digital အစရှိတဲ့ Online Media များသို့ ခွဲဝေစီးဆင်းနေမှုကြောင့် ပုံနှိပ်မီဒီယာများအနေဖြင့် ကြော်ငြာမှရရှိသည့်ဝင်ငွေများ ကျဆင်းလျက်ရှိပြီး လုပ်ငန်းလုပ်ကိုင်ရာမှာ ကန့်သတ်ချက်များ ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ သတင်းစာအပါအဝင် ပုံနှိပ်လုပ်ငန်းများအနေဖြင့် အကောက်ခွန်၊ ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်၊ အမြတ်ခွန် အစရှိတဲ့ အခွန်အခများကြောင့် လုပ်ငန်းများ လုပ်ကိုင်ရာမှာ အခက်အခဲများရှိနေတဲ့အတွက် Withholding Tax တွေကို ပယ်ဖျက်ဖြစ်ဖို့အတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ အခွန်အခများကင်းလွတ်ခွင့် ရရှိရေး/လျှော့ပေါ့ပေးရေးကိစ္စဟာ သက်ဆိုင်သူများအားလုံး ဝိုင်းဝန်းဆောင်ရွက်ရမယ့် ကိစ္စရပ်သာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ပါ။ နိုင်ငံပိုင်သတင်းစာ များသည်လည်း ဈေးကွက်စီးပွားရေးမူဝါဒများအရ အခွန်အခများ ကင်းလွတ်ခွင့်မရရှိဘဲ ပုဂ္ဂလိက သတင်းစာများနည်းတူ ပေးဆောင်နေကြရတာဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေကိုအသုံးပြု၍ လည်ပတ်ရသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်တဲ့အတွက် အရှုံးဖြင့် ရပ်တည်၍ မရနိုင်ပါ။ စီးပွားရေးအားဖြင့် အရှုံးနှင့်ရင်ဆိုင်ရနိုင်ခြေရှိပါကလည်း အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းစတဲ့ နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းစာများ အနေဖြင့် အရှုံးနဲ့မရှိစေရကန့်သတ်ချက်များအပြင် အမြတ်အစွန်းများစွာရရှိရေးကိုလည်း ဦးတည်၍ မရဘဲ ပြည်သူများဈေးနှုန်းချိုသာစွာဖြင့် သတင်းစာဝယ်ယူဖတ်ရှုခွင့်ရရှိရေးအတွက် ဦးတည်ကာ သတင်းစာတန်ဖိုးကို ကြော်ငြာဝင်ငွေဖြင့် ခုနှိမ်ပြီး သတင်းစာအမှန်တကယ်ကျသင့်သည့်တန်ဖိုးထက် လျှော့ချပြီး ရောင်းချနေရခြင်းဖြစ်ပါတယ်။ ထုထောင်ဆဲနိုင်ငံများမှာ နိုင်ငံပိုင် သတင်းစာများအနေဖြင့် ပြည်သူနှင့်အစိုးရတို့အကြားမှာ ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးရန် အဓိက တာဝန်ရှိပါတယ်။ အဲဒါကြောင့် ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သတင်းစာဖတ်ရှုနိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကသတင်းစာများမှ သတင်းထောက်များ၊ ဌာနဆိုင်ရာသတင်းရရှိမှု အဆင်ပြေလွယ်ကူစေဖို့အတွက် ၂၀၁၆ ခုနှစ်ကစတင်ပြီး မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲများကို သတင်းမီဒီယာကောင်စီနှင့်ပူးပေါင်းလျက် မြန်မာနိုင်ငံအနှံ့မှာ ဆောင်ရွက် လျက်ရှိပါတယ်။ တစ်ဦး၏လုပ်ငန်းသဘာဝကို တစ်ဦးကသိရှိနားလည်ကာ သတင်းကိစ္စ ဆက်သွယ် ဆောင်ရွက်မှု ချောမွေ့လွယ်ကူစေရန် များစွာအထောက်အကူပြုလျက်ရှိပါတယ်။ မဏ္ဍိုင် သုံးရပ်တွင် ပြောရေးဆိုခွင့်ရှိသူ(Spokes Persons)များကို ရွေးချယ်တာဝန်ပေးထားပြီး ယင်းတို့အား သတင်း မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ သင်တန်းများပြုလုပ်ပေးခဲ့ပါတယ်။ မီဒီယာလောကမှ ထင်ရှားသောပုဂ္ဂိုလ်များနှင့်ဆက်သွယ်၍ တွေ့ဆုံပွဲများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၃-၅-၂၀၁၆ ရက်နေ့မှ ၂၇-၇-၂၀၁၇ ရက်နေ့အထိကာလအတွင်းမှာ စုစုပေါင်း(၆)ကြိမ် ကျင်းပ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံတိုးချဲ့ဆောင်ရွက်ဖို့လည်း အစီအစဉ်များရှိကြောင်း တင်ပြလိုပါ တယ်။ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့မှာ ပြင်ပပုဂ္ဂလိက ကြော်ငြာကုမ္ပဏီများနှင့် ပူးပေါင်း ပြုလုပ်တဲ့ ကြော်ငြာစာမျက်နှာများရိုက်နှိပ်ပြီး ကြားညှပ်ထည့်သွင်း ဖြန့်ချိခြင်းလုပ်ငန်းကို ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်များသို့ ခွဲဝေရောက်ရှိစေရန် ရည်ရွယ်ပြီးတော့ ၁-၆-၂၀၁၆ ရက်နေ့ကစပြီးတော့ ဖျက်သိမ်းပေးခဲ့ပါတယ်။ နိုင်ငံတော်အဆင့်တာဝန်ရှိသူများရဲ့ သတင်းများအပါအဝင် ဌာနဆိုင်ရာ သတင်းများ၊ ဓာတ်ပုံများကို ပြင်ပပုဂ္ဂလိကမီဒီယာများအနေဖြင့် နိုင်ငံပိုင်သတင်းစာများနှင့်အတူ တစ်ပြေးညီရရှိစေဖို့အတွက် Website များထူထောင်ပေးပြီး သတင်းရရှိမှုအပိုင်းမှာ မြန်ဆန်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေပြည်တော်မှာကျင်းပ တဲ့အခမ်းအနားကြီးများနှင့် နိုင်ငံတကာက စိတ်ဝင်စားမှုရှိတဲ့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်များ မှာ နိုင်ငံခြားသတင်းမီဒီယာများနှင့်အတူ ပြည်တွင်းပုဂ္ဂလိကမီဒီယာများကို အားလုံးတစ်ပြေးညီ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်သတင်းယူ နိုင်စေဖို့အတွက် နေရာထိုင်ခင်းနှင့်သွားရေးလာရေး အခက်အခဲကြောင့် လူဦးရေကန့်သတ်ရသည့် အခါများမှလွဲ၍ အလှည့်ကျသတင်းယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကသတင်းစာများ လွတ်လပ်စွာရေးသား ထုတ်ဝေခွင့်ရရှိစေရန် ဆောင်ရွက်ပေးသည့်နေရာမှာ လိုအပ်ချက်များ များစွာရှိသေးသည်ကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အလေးအနက်အသိအမှတ်ပြုပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံပိုင်သတင်းစာများကို အစိုးရရဲ့ ဆောင်ရွက်ချက်များအား ပြည်သူများသိရှိစေရန်၊ ပြည်သူများရဲ့လိုအပ်ချက်များကို နိုင်ငံတော် အစိုးရနှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များသိရှိစေရန်၊ ပင်မမီဒီယာများက စိတ်ဝင် စားမှုနည်းပါးသည့် လူနည်းစုတိုင်းရင်းသားများအကြောင်းနှင့် အခြားပြည်သူများသိသင့်သိထိုက် သည်များကို သိရှိစေရန်စသည့်ရည်ရွယ်ချက်များဖြင့်သာ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါတယ်။ ပြင်ပ ပုဂ္ဂလိကသတင်းစာများနှင့် ပြိုင်ဆိုင်ခြင်းမပြုဘဲ သီးခြားပုံစံတစ်မျိုးဖြင့်သာ ရပ်တည်လျက် ပုဂ္ဂလိက သတင်းစာများ ရှင်သန်ရပ်တည်ရေးအတွက် လမ်းဖွင့်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းလေး တစ်ခု မေးခွင့်ပြုပါ။ ဝန်ကြီးဖြေသွားတဲ့အခါ တော်တော်လေးတော့ ပြည့်စုံပါတယ်။ နိုင်ငံတကာမှာ Print Media တွေ ကျဆင်းသွားတာ၊ တချို့ရပ်သွားတာ ဒါတွေလည်း ကျွန်တော်တို့သိပါတယ်။ သို့သော် ကျွန်တော်တို့တိုင်းပြည်မှာ Digital Media, Progression Media ဖြစ်လာတယ်ဆိုတာ လည်း ကျွန်တော်တို့သိပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံပြည်သူအများစုက ဒါတွေက သိပ် လက်လှမ်းမမီသေးတဲ့အနေအထားပဲ ရှိပါတယ်။ Print Media က ကျွန်တော်တို့နိုင်ငံမှာ အမြဲတမ်း လောလောဆယ်မှာတော့ တော်တော်လေးအထိ လိုအပ်နေဆဲပါပဲ။ လောလောဆယ်မှာ ကျွန်တော်တို့ ပုဂ္ဂလိကသတင်းစာတွေရဲ့အနေအထားအရ ကျွန်တော်လေ့လာမိသလောက်ဆိုရင် တော်တော်လေးကို ယုတ်လျော့ကျဆင်းလာတာရှိပါတယ်။ 7 Day ဆိုရင် အရင်တုန်းကဆိုရင် အစောင်ရေ ၄၀၀၀၀ လောက် ထုတ်တယ်။ အခုဆိုရင် ၂၈၀၀၀ လောက်ပဲရှိတယ်။ Daily Eleven ဆိုရင် အရင်တုန်းက ၆၅၀၀၀ လောက် ရှိတယ်။ အခုဆိုရင် ၂၈၀၀၀ လောက်ပဲရှိတယ်။ စံတော်ချိန်ဆို အရင်တုန်းက ၇၅၀၀၀၊ အခုတော့ ၄၀၀၀၀ လောက်ပဲရှိတော့တယ်။ Democracy Today ဆိုရင် အရင်က ၉၀၀၀၀ လောက်ရှိပါတယ်။ အခုတော့ ၂၅၀၀၀ လောက်ပဲ။ ကျန်တဲ့သတင်းစာတွေလည်း ဒီလိုပဲလျော့နေကြ တယ်ဆိုတာ။ ဒီအနေအထားက ကျွန်တော်တို့ဟာ နိုင်ငံတော်အစိုးရကနေပြီးတော့ လိုအပ်တဲ့အကူ အညီလေးတွေပေးပါမှ။ မပေးလို့ရှိရင် သူတို့ တစ်ဖြည်းဖြည်းနဲ့ ခြောက်ခမ်းသွားပြီးတော့ ကျွန်တော်တို့ ပြည်သူတွေဟာ တစ်ဖက်သတ်ပဲပေးတဲ့ သတင်းတွေပဲ ရတဲ့အနေအထားမျိုးတွေ ဖြစ်သွားပါတယ်။ အဲဒီတော့ နည်းလမ်းလေးတွေ ကျွန်တော်တို့စဉ်းစားထားတာလေးတွေရှိပါတယ်။ ဒါလေးတွေကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ လုပ်ပေးနိုင်တဲ့အခြေအနေရှိ/မရှိ၊ နိုင်ငံပိုင်မီဒီယာတွေကို ကြော်ငြာ တွေပေါ့။ အခုချိန်မှာ ကြော်ငြာက အားလုံးသိတဲ့အတိုင်း။ ကြေးမုံ၊ မြန်မာ့အလင်းမှာ ကြော်ငြာတွေက အများကြီးပါ။ အဲဒီတော့ဒါတွေကို နည်းနည်းလျှော့ချလိုက်လို့ရှိရင် အဲဒီက လျှော့ချလိုက်တဲ့ကြော်ငြာ တွေက ပုဂ္ဂလိကသတင်းစာက ရောက်သွားနိုင်ပါတယ်။ အဲဒီလိုလုပ်ပေးနိုင်တဲ့အနေအထားတစ်ခုရှိပါ တယ်။ ဒါကိုလုပ်ပေးနိုင်ခြင်းရှိ/မရှိ။ ဒုတိယနည်းလမ်းကတော့ အစိုးရရယ်၊ ပုဂ္ဂလိကရယ်၊ အများပြည်သူပါဝင်တဲ့ အများပိုင်ကုမ္ပဏီပေါ့။ အဲဒီပုံစံပေါ့။ အခုလို အစိုးရတစ်ခုတည်းကနေပြီးတော့ လုပ်တဲ့ပုံစံမျိုး။ အဲဒီသုံးခုပေါ့။ အဲဒါမျိုး ကုမ္ပဏီအသွင်ပြောင်းပြီးတော့ သတင်းစာတွေကိုထုတ်ဝေတဲ့ အနေအထားမျိုးလုပ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ။ တတိယနည်းလမ်းကတော့ နိုင်ငံပိုင်အစိုးရက ထုတ်ဝေနေတဲ့ သတင်းစာတွေ၊ ပုဂ္ဂလိကထံကို လုံးဝလွှဲပြောင်းရောင်းချလိုက်တာပေါ့။ အဲဒီတော့ နိုင်ငံတော်အစိုးရက ပုံနှိပ်ပစ္စည်းတွေ၊ ဒါတွေအကုန်လုံးကိုတော့ သူက ဈေးကွက်စီးပွားရေးဆန်ဆန်ပဲ အငှားရိုက်ပေးတာမျိုး။ ဒါမျိုးပေါ့။ အဲဒီလို နည်းလမ်းသုံးမျိုးကို ပြန်ကြားရေးဝန်ကြီးဌာနက လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိဆိုတာကို ကျွန်တော် သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ အခုနက ကိုယ်စားလှယ် တော်ကြီးတင်ပြသွားတဲ့ Print Media များရဲ့လိုအပ်ချက်ကို ကျွန်တော်တို့ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ ကောင်းစွာအသိအမှတ်ပြုပါတယ်။ မြန်မာနိုင်ငံလို ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို

ဆောင်ရွက်နေဆဲကာလ Print Media များရဲ့အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးပါတယ်။ တစ်ဖက်က စဉ်းစားကြည့်မယ်ဆိုရင် ပုဂ္ဂလိက Print Media များမှာ ကြော်ငြာရရှိနိုင်ဖို့အနေအထား ဟာ ကြော်ငြာစီးပွားရေးလုပ်ငန်းနဲ့လည်း ပတ်သက်နေပါတယ်။ တစ်နိုင်ငံလုံးရဲ့စီးပွားရေးအခြေအနေ အရ ကြော်ငြာလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် မှာလည်း မူတည်နေပါတယ်။ ကျွန်တော်တို့ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကနှင့် ပေါင်းစပ်လို့ဆောင်ရွက်လျက်ရှိတာကတော့ Myanmar Digital News နဲ့ Global New Light သတင်းစာတို့ကို ပုဂ္ဂလိကနဲ့ပေါင်းစပ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ချက်များ များစွာရှိတာကို အသိအမှတ်ပြုပါတယ်။ တစ်ဖြည်းဖြည်း ကြိုးစားဆောင်ရွက်နေပါတယ်။ ပြင်ပသတင်းစာများက အပ်လာတဲ့လုပ်ငန်းတွေကိုလည်း သင့်လျော် တဲ့ အဖိုးအခယူပြီးတော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ နှင့်စပ်လျဉ်း၍ ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်၏ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့ သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၁ နှင့်အညီ ၁၅-၁-၂၀၁၈ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေတင်ပြထားသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အဆိုကို တင်သွင်းရမှာဖြစ်ပါတယ်။ ယခု ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)က အဆိုပြု ပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီနည်းဥပဒေနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူ များသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂-၄-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို ၁၄-၃-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂-၄-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၁၄-၃-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးကသဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

(၂၉)ရက်မြောက်နေ့(၁၈-၃-၂၀၁၈)ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၃-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည် စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦး မျှမရှိပါ။ ဒါကြောင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြု ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကိုပြင်ဆင်သည့်ဥပဒေ ကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ (၂၆-၁-၂၀၁၈ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော် ပြ၍ ၃၀-၁-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ် လေးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှ အစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြု နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၄)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၃၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သည့် ၂၆-၁-၂၀၁၈ ရက် (သောကြာနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၃၀-၁-၂၀၁၈ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)၊ ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)၊ ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)၊ ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)တို့မှဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၆-၂-၂၀၁၈ ရက်(အင်္ဂါနေ့)နှင့် ၂၁-၃-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တို့တွင် ညှိနှိုင်းအစည်းအဝေးပွဲများကျင်းပ ပြုလုပ်ခဲ့ကြပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၄)ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ | ၃ | အပိုဒ် ၂ |
| (ဂ) | ၂ မှ ၃ | ၄ | အပိုဒ် ၃ |
| (ဃ) | ၃ | ၅ | အပိုဒ် ၄ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၄ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၄)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဟာ ဒီနေ့ ပြီးဆုံးမှာဖြစ်ပါတယ်။ (၁၅-၁-၂၀၁၈) ရက်နေ့က စတင်ကျင်းပခဲ့တဲ့ သတ္တမပုံမှန်အစည်းအဝေးဟာ ဒီကနေ့ဆိုရင် (၃၂)ရက်မြောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေနဲ့ ကြယ်ပွင့်ပြမေးခွန်း (၁၉၁)ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း(၆၂၈)ခုဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆို(၉)ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို(၂)ခုနှင့် မှတ်တမ်းတင်အဆို(၇)ခုတို့ဖြစ်ကြပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ဆွေးနွေးဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း (၃၅)ခုရှိပြီး၊ ဥပဒေကြမ်း(၁၄)ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း (၂၁)ခုကျန်ရှိပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီ(၁၄)ရဲ့ သက်တမ်းတိုးမြှင့်ခြင်းနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိတာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်၊ ဒီမိုကရေစီရဲ့ပြယုဒ်၊ ဒီမိုကရေစီရဲ့ လက္ခဏာရပ်ပဲဖြစ်ပါတယ်။ နိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ပီပြင်ဖို့အတွက် လွှတ်တော်များရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ လွှတ်တော်များ ခိုင်မာအားကောင်းမှသာ ပြည်သူလူထုရဲ့ ယုံကြည်အားကိုးမှု ပိုမိုမြင့်တက်လာပြီး ဥပဒေပြုရေးမဏ္ဍိုင်နဲ့ ပြည်သူလူထု အကြား အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်နေမှာဖြစ်ပါတယ်။ ယခု သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း မိမိတို့လွှတ်တော်ကို လာရောက်လေ့လာခဲ့ကြတဲ့ လူငယ်ကျောင်းသားကျောင်းသူစုစုပေါင်း (၁၈၆၂)ဦးရှိပြီး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကနေ ယနေ့အထိဆိုပါက ကျောင်းသားကျောင်းသူ စုစုပေါင်း(၁၈၈၈၄)ဦး လာရောက်လေ့လာခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါဟာ လွှတ်တော်ကိုလူငယ်များ ပိုမိုစိတ်ဝင်စားလာကျတယ်ဆိုတာကို ပြသနေခြင်းပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ မိမိတို့ကိုပေးအပ်ထားတဲ့ ဥပဒေပြုရေးလုပ်ငန်းတာဝန်တွေကိုလည်း ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ ဆောင်ရွက်နေကြရတာ ဖြစ်ပါတယ်။ လွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်ကြတဲ့အခါ မိမိနဲ့ သဘောထားမတိုက်ဆိုင်တာတွေ အမြင်မတူတာတွေရှိနေမှာ ဖြစ်ပေမဲ့လည်း ဆုံးဖြတ်တဲ့အခါမှာတော့

အများဆန္ဒနဲ့အညီ ဆောင်ရွက်ကြရခြင်းဟာ ဒီမိုကရေစီအခြေခံ အလေ့အကျင့်ကောင်းတွေပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ လွှတ်တော်တွင်းမှာသာမက ပြည်သူတွေကြားမှာလည်း ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ခိုင်မာအားကောင်းစေဖို့ လွှတ်တော်ကိုယ်စားလှယ်များက လက်တွဲ ကူညီဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များက မိမိကိုယ်ကိုကောင်းအောင် ကြိုးစားရင်းနဲ့ မိမိပတ်ဝန်းကျင်နဲ့ ပြည်သူလူထုရဲ့ စံနမူနာပြ ကျင့်ကြံဆောင်ရွက်နိုင်မှသာ ကျွန်တော်တို့မျှော်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ဖို့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ အဓိကအရေးအကြီးဆုံး ဆောင်ရွက်ကြရမယ့် တာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရိုင်းပင်းသည့် စိတ်ဓာတ်ရှိမှသာ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပါယ်က ပိုပြီးပြည့်စုံလာတာ ဖြစ်ပါတယ်။ ယနေ့အချိန်အခါဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာတဲ့ နိုင်ငံရေးနည်းလမ်းများကို လက်ကိုင်ထားပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ဆောင်နေတဲ့ကာလဖြစ်ပါတယ်။

တစ်ပြိုင်တည်းမှာ မိမိတို့နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးစတဲ့ ကဏ္ဍပေါင်းစုံမှာ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက် တဲ့အခါမှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာလည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီးပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များရဲ့ အတွေးအခေါ်၊ အယူအဆ၊ အမူအကျင့်တွေဟာလည်း ခေတ်နှင့်လိုက်လျောညီထွေတဲ့ အတွေးအခေါ် မျိုးထားရှိရမှာဖြစ်ပါတယ်။ အပြောင်းအလဲတိုင်းဟာ အချိန်ကာလတစ်ခု လိုအပ်မြဲဖြစ်တဲ့အတွက် မိမိတို့အားလုံးဟာ သံသယ ကင်းရှင်းတဲ့ အကြွင်းမဲ့ယုံကြည်မှု၊ ခိုင်မာတဲ့ စည်းလုံးမှု၊ ပြတ်သားတဲ့ သန္နိဋ္ဌာန်စိတ်တို့နဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါ တယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ လွှတ်တော်ရဲ့အဓိကလုပ်ငန်းတာဝန်(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုခြင်း(Legislation)၊ စောင့်ကြည့်ထိန်းညှိ ခြင်း(Oversight)နဲ့ ကိုယ်စားပြုခြင်း(Representation) တာဝန်(၃)ရပ်ကို ပီပြင်စွာထမ်းဆောင် နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြပါ။ ပထမ တာဝန်ဖြစ်တဲ့ ဥပဒေပြုခြင်းလုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ဖို့အတွက် အရည်အချင်းပြည့်ဝတဲ့ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ဆောက်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်တဲ့ ဥပဒေများပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်ကြပါ။

ဒုတိယတာဝန်ဖြစ်သည့် စောင့်ကြည့်ထိန်းညှိခြင်းလုပ်ငန်းတာဝန်အတွက် ဒေသနယ်ပယ် အလိုက် အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေ တည့်မတ်မှန်ကန်အောင် (Parliamentary Oversight) အဖြစ် စောင့်ကြည့်ထိန်းညှိပေးကြပါ။ တတိယတာဝန်ဖြစ်တဲ့ ကိုယ်စားပြုခြင်းလုပ်ငန်း တာဝန်အတွက် မဲဆန္ဒရှင်ပြည်သူလူထုထံ ပြန်လည်ရောက်ရှိတဲ့အခါ ပြည်သူ့အသံနဲ့ ပြည်သူတွေရဲ့

တင်ပြချက်တွေကို အလေးထားမှတ်သားနားထောင်ကြပါ။ ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဆောင်ရွက်ကြပါ။ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စတွေမှာ ပြည်သူနဲ့အတူ ပူးပေါင်းဆောင်ရွက်ကြပါ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ဖို့ ပြည်သူအားလုံး ပူးပေါင်းပါဝင်တဲ့ (All Inclusive Democracy) ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ။ ကိုယ်စားလှယ်များရဲ့ လိုရာခရီးများ သာယာဖြောင့်ဖြူးကြပါစေ။ ဘေးအန္တရာယ်ကင်းဝေးကြပါစေ။ မိသားစုများနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ပြန်လည်စုံစည်းကြပါစေ။ ဆက်လက်ကျင်းပမယ့် အဌမပုံမှန်အစည်းအဝေးမှာလည်း ကျမ်းမာရွှင်လန်းစွာနဲ့ ပြန်လည်တွေ့ဆုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ (၂၉.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



Maj Genl Aung Soe     U Aye Win



Maj Genl Aung Soe     U Tin Htwe



U Aung Hla Tun     Daw Thandar



U Aung Hla Tun     Daw Mar Mar Khine



U Aung Hla Tun     Daw Aye Mya Mya Myo



U Aung Hla Tun     U Myint Lwin

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်